# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော်(၁၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (26-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၃၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်၍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် မတ်လ ပထမပတ်အတွင်း သွားရောက်ခဲ့ကြောင်း၊ ထိုသို့ သွားရောက်စဉ်အတွင်း ဘယ်လာရုစ်သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရလည်း နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တစ်ပါတည်းသွားရောက်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁**


**Myanmar Mobile Money(MMM)** ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ **Bill** ပေးဆောင်ခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊
**E-Topup** ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ **Internet Bill** ပေးဆောင်ခြင်း၊ **Skynet Bill Payment** ပေးသွင်းခြင်း၊
**Gift Card** ပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ **E-Commerce** လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# သတိပြုကာကွယ် ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ယခုအချိန်ကာလသည် အလွန်ပူပြင်းသောနွေရာသီကာလဖြစ်သည်။ နေ့အပူချိန်မြင့်တက်လာမှုနှင့်အတူ နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းမြင့်မားလာမှုကြောင့် အပူဒဏ်ကို သိသာစွာခံစားကြရသည်။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိနှင့်မမြင်နိုင်သော ပြင်းထန်သည့် နေရောင်ခြည်တစ်မျိုးဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည်လူတို့၏အရေပြားတွင်ရှိသော ဆဲလ်များကို ပျက်စီးစေပြီး ကင်ဆာရောဂါများကိုလည်း ဖြစ်ပွားစေသော ရောင်ခြည်တစ်မျိုးဖြစ်သောကြောင့် သတိပြုကာကွယ်သင့်သည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းကို အရောင်ဖြင့်ခွဲခြားထားသည်။ အစိမ်းရောင်သည် အညွှန်းကိန်းနည်းသည့် သုည မှ ၂ ဒသမ ၉ ထိ ဖြစ်သည်။ အဝါရောင်သည် အညွှန်းကိန်းအတန်အသင့်ပါဝင်သည့် ၃ မှ ၅ ဒသမ ၉ ထိ ဖြစ်သည်။ လိမ္မော်ရောင်သည် အညွှန်းကိန်းပါဝင်မှုမြင့်မားသည့် ၆ မှ ၇ ဒသမ ၉ ထိ ဖြစ်သည်။ အနီရောင်သည် အညွှန်းကိန်းအလွန်မြင့်မားသည့် ၈ မှ ၁၀ ဒသမ ၉ ထိ ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း ၃ ထက်ကျော်ပါက သတိပြုနေထိုင်ရန်လိုပါသည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့် အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရွယ်မတိုင်မီ အရေပြားရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။

နေရောင်ခြည်သည် လူတို့၏ကျန်းမာရေးအတွက် အကျိုးပြုသကဲ့သို့ နေရောင်ခြည်မှ ထွက်ရှိသော ခရမ်းလွန်ရောင်ခြည်သည် လူတို့၏ခန္ဓာကိုယ်အတွက် ဆိုးကျိုးသက်ရောက်မှုများရှိသည်။ နေရောင်ခြည်နှင့်ထိတွေ့မှုများပါက မျက်နှာပေါ်ရှိအရေးအကြောင်းများ၊ အစက်အပြောက်များဖြစ်လာစေတတ်ပါသည်။ အချိန်ကြာလာသည့်အခါတွင် အရေပြားထဲရှိ ကျုံ့နိုင်ဆန့်နိုင်သောပရိုတင်းကို ထိခိုက်ပြီး အသားအရေ တင်းတင်းရင်းရင်းမရှိတော့ဘဲ လျော့ရဲလာကာ အရေးအကြောင်းများကိုဖြစ်စေပါသည်။ ထို့ပြင် အရေပြားတွင် ပွန်းပဲ့အနာများဖြစ်လွယ်ပြီး ပြန်ကျက်စေရန်အချိန်ပိုကြာလာစေပါသည်။

နေရောင်ခြည်မှရသော ခရမ်းလွန်ရောင်ခြည်သည် အရေပြားကင်ဆာဖြစ်စေနိုင်သော အဓိကအကြောင်းရင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် ပိုးမွှားများကိုသေစေနိုင်ခြင်း၊ အရေပြားပြဿနာတချို့ကိုကုသနိုင်ခြင်း၊ ဗီတာမင် ဒီကိုရရှိစေခြင်း စသည့်ကောင်းကျိုးများရှိသော်လည်း ထိတွေ့မှုများပါက ကျန်းမာရေးဆိုးကျိုးများ ဖြစ်လာစေနိုင်ပါသည်။ အသားအရေပျက်စီးခြင်း၊ နေလောင်ခြင်း၊ အရွယ်မတိုင်မီ အသားအရေရင့်ရော်ခြင်းများသည် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှု၏ ကျန်းမာရေးဆိုးကျိုးများဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်ဒဏ်ကိုကာကွယ်နိုင်ရန် အရောင်ဖျော့သောအင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်များလုံလုံခြုံခြုံဝတ်ခြင်း၊ လေဝင်လေထွက်ကောင်းသောဦးထုပ်ကြီးကြီးဝတ်ဆင်ခြင်း၊ UVA နှင့် UVB နှစ်မျိုးစလုံးကာကွယ်ပေးသော နေကာမျက်မှန်အမျိုးအစားကို ရွေးချယ်တပ်ဆင်ခြင်းများပြုလုပ်နိုင်သည်။ ထို့ပြင် နံနက် ၁၁ နာရီ နှင့် ညနေ ၄ နာရီကြားအချိန် နေရောင်ခြည်နှင့်ထိတွေ့မှုကို တတ်နိုင်သရွေ့ရှောင်ခြင်း၊ အပြင်ရောက်နေခဲ့ပါက အရိပ်ကောင်းသောနေရာများတွင် ခဏဝင်နားခြင်း၊ ထီးအမြဲယူသွားခြင်း၊ မိမိအသားအရေအတွက် SPF ပါသော နေလောင်ကာ ကရင်မ်လိမ်းခြင်း၊ သနပ်ခါးလိမ်းခြင်းစသည်တို့ကိုပြုလုပ်ခြင်းဖြင့် ခရမ်းလွန်ရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ကာကွယ်နိုင်ပါသည်။

သို့ဖြစ်ရာ ခရမ်းလွန်ရောင်ခြည်သည် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ယခုကဲ့သို့ပူပြင်းသော နွေရာသီကာလတွင် ခရမ်းလွန်ရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုကို တတ်နိုင်သမျှရှောင်ရှား၍ မိမိတို့၏ကျန်းမာရေးကို အထူးဂရုပြုနေထိုင်သွားသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းအမှတ်စဉ်(၁၁)ထိ သင်တန်းများ ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ဆောင်ရွက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များအတိုင်း အပြည့်အဝလေးစားလိုက်နာပြီး အဂတိတရားကင်းရှင်းစွာ နည်းမှန်လမ်းမှန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မမှန်မကန်ဆောင်ရွက်ခြင်းများရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းအမှတ်စဉ်(၁၁)ထိ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများအပေါ် အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ် ဆွေးနွေး ပြောကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၏ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခဲ့မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ်မှ စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင် ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငရုတ်သီးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၉၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖေဖော်ဝါရီလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီနှစ် ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ အမှာကုန်များပြီး တင်ပို့မှုအားကောင်းခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ဝယ်လက်တွေနဲ့ ချိတ်ဆက်ထားပါတယ်"ဟု ကျုံပျော်မြို့နယ်မှ စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်နှင့် ကွမ်းစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ လက်ရှိ ငရုတ်သီးခြောက်များ တင်ပို့ရောင်းချရမှု အားကောင်းလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ဦးမြို့နယ် စည်ပင်သာကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ညောင်ဦး မတ် ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် တောင်ဘီလေး ကျေးရွာအုပ်စု စည်ပင်သာကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စည်ပင်သာကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးရွာသူ၊ ကျေးရွာသားများကိုတွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ စည်ပင်သာကျေးရွာ၌ အရှည်ပေ ၈၉၀ ရှိ ကျေးရွာတွင်း ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းငွေကျပ် သိန်း ၁၇၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ကချင်ပြည်နယ် အင်းတော်ကြီးနေ ဦးကျော်ဌေး-ဒေါ်သူဇာအောင်၊ သား-မောင်ကျော်သီဟအောင်၊ သမီး-မရွှေဇင်ဌေး မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်က လက်ခံရယူစဉ်။

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



ထီးချိုင့် မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၉၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၂၀၁ ဧကနှင့် ဖူးစားပြောင်း ၂၇၃၀ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းသိရသည်။

"ထီးချိုင့်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်း၁၂၀၁ ဧကနဲ့ ဖူးစားပြောင်း ၂၇၃၀ ဧက စုစုပေါင်း ၃၉၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာ ပေးဆောင်ရွက်ပေးခဲ့တယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်းနှင့် ဖူးစားပြောင်းတစ်ဧကလျှင် အဖူးရေ ၂၂၀၀၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

(၂၀၆)

# တောင်ကြီးမြို့နယ် ရေပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်ကြီး မတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စု ရေပုတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးလက်နေ ပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေပုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး မတ် ၂၅


ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ငါးသလောက်ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးသလောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

''ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန်အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလအတွင်း ငါးသလောက်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန် အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဘိုကလေးမြို့နယ်ကနေ တင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ ငါးသလောက်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေထွက်ကုန်လုပ်ငန်းရှင်တွေ၊ ကုန်သည်တွေ အဆင်ပြေလာပါတယ်'' ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင်ငွေကျပ် ၁၈၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# မြကန်တူးဖော်မှုနှင့် မွန်ကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)



မြကန်ကို တုရင်တောင်ပေါ်မှ တွေ့မြင်ရစဉ်။

ပုဂံမြို့ဟောင်းအရှေ့တောင်ဘက်ရှိ တုရင်တောင်ခြေ၏ အနောက်တောင်ဘက်တွင် မြကန်ဟု ထင်ရှားသည့် လူလုပ်ရေလှောင်ကန်တစ်ခုရှိသည်။ မြကန်တည်ရှိသည့်နေရာသည် သက်စိုးတောင်တန်း လူနေရပ်ဝန်းဖြစ်ခဲ့၍ မြကန်အနီးတွင် တုရင်တောင်၊ ဆိတ်တောင်၊ တောင်လယ်တောင်၊ သိကြားတောင်နှင့် သက်စိုးတောင်တို့တည်ရှိသည်။ မြကန်သည် ကျန်စစ်သားမင်းတူးဖော်ခဲ့သည့် တစ်ဖက်ဆည်ကန်ဖြစ်၍ သက္ကရာဇ် ၅၉၈ ခုတွင် ကျစွာမင်း(၁၂၃၅-၁၂၄၉) က မြကန်ကိုပြုပြင်ခဲ့သည်။

မြကန်အကြောင်းကို အမည်မသိစာဆို စပ်ဆိုခဲ့သည့် "မြကန်သာတောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်၊ ဘုံဝတီသာ၊ နန္ဒာပေလော တူစွဟုတ္တာ"ဟူသည့်ကဗျာသည် မြန်မာစာပေနယ်တွင်အလွန်ထင်ရှားခဲ့ကာ အခြေခံပညာအလယ်တန်း၊ နဝမတန်းမြန်မာကဗျာလက်ရွေးစင်တွင် ပြဋ္ဌာန်းထားသဖြင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ကျက်မှတ်ကြရသည့် ကဗျာတစ်ပုဒ်ဖြစ်ပေသည်။

မြကန်အနီး၌ အဆောက်အအုံငါးခု၊ ကျောက်စာသုံးတိုင်နှင့်ရေကန်နှစ်ခုတည်ရှိသည်။ မြကန်သည် ခရစ်နှစ် ၁၀၈၆ ခုနှစ်မတိုင်မီက မဟာနိရဗ္ဗာန်လက်ဆုယ်ခိရေကန်ဟုအမည်တွင်ခဲ့၍ တုရင်တောင်နှင့် မင်းနန်သူရွာကြားရှိ အလံပုဂံဟုခေါ်ဆိုသည့် ကန်သည် မဟာနိရဗ္ဗာန်အလံဗဂါလိကန်ဟုအမည်ရှိခဲ့သည်။

မြကန်နှင့် အလံပုဂံရေကန်တူးဖော်မှုကို မွန်ဘာသာဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည့် ကျောက်စာတိုင်တစ်တိုင်စီရှိရာ မြကန်ကျောက်စာကို တုရင်တောင်ခြေမှလည်းကောင်း၊ အလံပုဂံကျောက်စာကို အလံပုဂံကန်၏ အရှေ့ဘက်နှစ်ဖာလုံဝေးသည့် နေရာမှလည်းကောင်း တွေ့ရှိခဲ့သည်။ လက်ရှိအချိန်တွင် ထိုကျောက်စာတိုင်နှစ်ခုကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် တိုင်အမှတ် (၁၂၈) နှင့် (၁၂၉) ဟုစာရင်းတင်ကာ ထိန်းသိမ်းထားသည်။ မြကန်ဝန်းကျင်ရှိ အခြားကျောက်စာတိုင် တစ်တိုင်ဖြစ်သည့် ရှူသုံကြားကျောက်စာသည် ၁၉၅၉ ခုနှစ်တွင် ဖျက်ဆီးခံခဲ့ရသဖြင့် မမြင်တွေ့ကြရတော့ပေ။

ကျောက်စာတိုင်နှစ်တိုင်တွင် ရေးထိုးထားသည့် စာသားများသည် ကန်အမည်မှလွဲ၍ အားလုံးအတူတူဖြစ်သည်။ ထိုကျောက်စာတိုင်နှစ်တိုင်သည် လေးမျက်နှာစီရှိ၍ ရေကန်တူးဖော်မှုအကြောင်းပါရှိသော်လည်း စာသားအများစုသည် ထိလိုင်မင်း၏ ဒဏ္ဍာရီဆန်သော ရှေးဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိဖြစ်သည်။

**ပုဂံခေတ်မွန်ကျောက်စာများ**

မြန်မာတိုင်းရင်းရှေးဟောင်းကျောက်စာများတွင် မြန်မာကျောက်စာနှင့် ပျူကျောက်စာများသာမက မွန်ကျောက်စာများကိုပါ တွေ့ရှိရသည်။ မွန်ကျောက်စာများကို သထုံ၊ ကျိုက္ခမီ၊ ပြည်၊ မြင်းခြံ၊ ကျောက်ဆည်၊ ပဲခူးနှင့် ပုသိမ်ဒေသတို့တွင် အများဆုံးတွေ့ရှိရသည်။ မွန်ကျောက်စာပေါင်းချုပ်စာအုပ်တွင် ထိုဒေသများအပြင် ကျိုက်လတ်၊ ကျိုက်မရော၊ မုတ္တမနှင့် ရန်ကုန်ရွှေတိဂုံစေတီရှိ မွန်ကျောက်စာတို့ကိုပါ ဖော်ပြထားသည်။

မွန်ကျောက်စာများအနက် သထုံ၊ ပြည်၊ မြင်းခြံနှင့် ပုဂံရှိ ကျောက်စာများသည် ရှေးကျသောခေတ်ဦး မွန်ကျောက်စာများဖြစ်၍ ကျန်ကျောက်စာများသည် ခေတ်လယ်မွန်ကျောက်စာများဖြစ်ကြသည်။ ခေတ်ဦးမွန်ကျောက်စာများသည် ကျန်စစ်သားမင်းလက်ထက် (၁၀၈၄-၁၁၁၃) ခန့်က ရေးထိုးခဲ့သည့် ကျောက်စာများဖြစ်၍ ခေတ်လယ်ကျောက်စာအများစုသည် ဟံသာဝတီခေတ်၊ ဓမ္မစေတီမင်းလက်ထက် (၁၄၇၁-၁၄၉၂) ခန့်က ထိုးခဲ့သည့် ကျောက်စာများဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်တွေ့ရှိရသည့် မွန်ကျောက်စာများသည် သက္ကရာဇ် ၄၀၀ ကျော်က ထိုးခဲ့သည့် ကျောက်စာများနှင့် သက္ကရာဇ် ၈၀၀ ကျော်ကထိုးခဲ့သည့် ကျောက်စာများက အများဆုံးဖြစ်ကြောင်း "မွန်ကျောက်စာပေါင်းချုပ်"ကို တည်းဖြတ်ပြန်ဆိုခဲ့သည့် ရှေးဟောင်းသုတေသနဝန်ထောက် ဦးချစ်သိန်းက ရေးသားခဲ့သည်။

ဆရာဦးချစ်သိန်းဖတ်ရှုခဲ့သည့် မွန်ဘာသာဖြင့် ရေးထိုးသည့် ကျောက်စာ ၁၀၆ ချပ်တွင် ပုဂံခေတ်ထိုး မွန်ကျောက်စာ ၄၂ ချပ်ပါဝင်ခဲ့သည်။ ၎င်းတို့သည် ဖက်လိပ်ဘုရားကျောက်စာ၊ မြကန်ကျောက်စာ၊ အလံပုဂံကျောက်စာ၊ ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိ ကျောက်စာ ၂၀ ချပ်နှင့် ကျန်စစ်သားမင်း နန်းတည်ကျောက်စာ ၁၈ ချပ်ဖြစ်သည်။

**မွန်ကျောက်စာရှင် ထိလိုင်မင်း**

မြန်မာ့သမိုင်းတွင် ကျန်စစ်သားဟုထင်ရှားသည့် ပုဂံဘုရင်ကို ကျောက်စာများတွင် ထိလိုင်မင်းဟု ရေးထိုးလေ့ရှိသည်။ ကျန်စစ်သားဟူသည့်အမည်သည် ပုဂံခေတ်သုံးဝေါဟာရ ကလန်စစ်သားဖြစ်နိုင်ဖွယ်ရှိ၍ ကျေးရွာဒေသတစ်ခုခုတွင် အကြောင်းအရာတစ်ခုခုကိုစစ်ဆေးရသူ၊ အခွန်အကောက်နှင့်မှုခင်းစစ်ဆေးရသူဖြစ်နိုင်ကြောင်း၊ ကလန်သံဗျင်က မြို့နယ်ကြီးတစ်ခုကို အုပ်ချုပ်သူဖြစ်၍ ကလန်က သံဗျင်လောက်အဆင့်မမြင့်ဟုထင်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့သည်။

ထိလိုင်မင်းခေါ်ကျန်စစ်သားသည် အနော်ရထာမင်း၏သားတော်ဟု ယူဆချက်များရှိသော်လည်း ခိုင်လုံသော အထောက်အထားများ မတွေ့ရသေးသဖြင့် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူ မဟုတ်သော ငတပါးမင်းဟုသာ ထင်ရှားခဲ့သည်။

ထိလိုင်မင်းသည် စောလူးမင်း (၁၀၇၇-၁၀၈၄) အနိစ္စရောက်ပြီးနောက် ၁၀၈၄ ခုနှစ်တွင် ပုဂံထီးနန်းကိုစိုးစံ၍ ဂြိတြိဘုဝနာဒိတြမ္မရာဇာ ဟူသည့်ဘွဲ့ကို ခံယူခဲ့ရာ ဘွဲ့အမည်သည် ကျက်သရေရှင်၊ သုံးလောက၏ နေမင်းတရားမင်းဟု အဓိပ္ပာယ်ရှိသည်။ ပုဂံခေတ်ထိုး မွန်ကျောက်စာများတွင် ထိလိုင်မင်းကို မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ရသောမင်း၊ ဗုဒ္ဓသာသနာကို ချီးမြှောက်သောမင်း၊ မင်းကျင့်တရားနှင့်အညီအုပ်ချုပ်သည့်မင်း စသည်ဖြင့်တွေ့ရှိရသည်။

ထိလိုင်မင်းလက်ထက်တွင် ပုဂံသည် တည်တံ့ခိုင်ခံ့ခဲ့ကာ မွန်များအပေါ် စည်းရုံးရေးအလွန်ကောင်းခဲ့သည်။ ထိလိုင်မင်းရေးထိုးခဲ့သည့် ကျောက်စာ ၃၉ ချပ်လုံးသည် မွန်ဘာသာဖြင့် ရေးထိုးခဲ့သည့် ကျောက်စာများဖြစ်နေခြင်းကို ထူးခြားချက်တစ်ခုဟု မြင်တွေ့ရပေသည်။ ထိုထူးခြားချက်ကို သမိုင်းပညာရှင် ဒေါက်တာတိုးလှက မင်းလုလင် ခေါ် စောလူးမင်းလက်ထက်က ဖြစ်ပွားခဲ့သော စစ်ဘေးဒဏ်ရာဒဏ်ချက်များကို ကုစားရန် ကြိုးပမ်းခဲ့သည့်သဘောဟု ယူဆရနိုင်ကြောင်း သုံးသပ်ခဲ့သည်။

စစ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှု၊ ပြည်သူများအကြားခံစားနေရဟန်ရှိသည့် မုန်းတီးနာကြည်းမှု၊ မယုံကြည်မှုများကို အတ္ထုပ္ပတ္တိကျောက်စာတွင် ရေးထိုးခဲ့သည့် "ဂြိတြိဘုဝနာဒိတြမ္မရာဇာသည် လက်ျာလက်ဖြင့် ထမင်းမုန့်ကို လူအပေါင်းတို့အားပေးလတ္တံ့၊ လက်ဝဲလက်ဖြင့် အဝတ်၊ ပုဆိုး၊ ပစ္စည်းတို့ကို လူအပေါင်းတို့ကိုပေးလတ္တံ့၊ ခပ်သိမ်းသော လူအပေါင်းတို့ကိုလည်း ရင်ဝယ်သားကဲ့သို့ အရှင်ဂြိတြိဘုဝနာဒိတြမ္မရာဇာမင်းသည် အကျိုးစီးပွားဖြင့် စောင့်ရှောက်လတ္တံ့" စသည့် ကတိစကားများဖြင့် မွန်များကို ပြန်လည်စည်းရုံးနိုင်ခဲ့သည်။

ထို့ကြောင့် ထိလိုင်မင်းသည် မွန်များကို ဦးစားပေးသည့် သဘောဆန္ဒကြောင့် ကျောက်စာများကို မွန်ဘာသာဖြင့်သာ ရေးထိုးခဲ့ခြင်းဖြစ်နိုင်ကြောင်း ယူဆမှုများရှိခဲ့သည်။

**မြကန်ကျောက်စာနှင့် အလံပုဂံကန်ကျောက်စာ**

ပုဂံဘုရင် ထိလိုင်မင်းသည် ၁၀၈၆ ခုနှစ် မတိုင်မီက ပုဂံအရှေ့တောင်ဘက်ရှိ တုရင်တောင်ခြေ၏ အနောက်တောင်ဘက်တွင် မဟာနိရဗ္ဗာန်လက်ဆုယ်ခိရေလှောင်ကန်ကို တူးဖော်ခဲ့သည်။ ထိုရေကန်ကို တူးဖော်ခဲ့ကြောင်းကို မျက်နှာလေးဖက်ပါရှိသည့် ကျောက်စာတိုင်ကို မွန်ဘာသာဖြင့် ရေးထိုးပြီး ကန်အနီးတွင်စိုက်ထူခဲ့ဟန်ရှိသဖြင့် ထိုကျောက်စာတိုင်ကို တုရင်တောင်ခြေတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မြကန်ကျောက်စာသည် မြကန်ကိုတူးဖော်မှုထက် ထိလိုင်မင်း၏ ရှေးဘဝဖြစ်စဉ်များကိုဂုဏ်တင်ရေးထိုးထားခြင်းဖြစ်ရာ ဘဒ္ဒကမ္ဘာတွင် တတိယ မြောက်ပွင့်ခဲ့သည့် ကဿပဘုရားရှင်လက်ထက်မှ စတင်ဖော်ပြထားသည်။ ကဿပဘုရားရှင်လက်ထက်တွင် ထိလိုင်မင်းဖြစ်လာမည့်သူ၏ ပထမဘဝသည် သူကြွယ်တစ်ဦးဖြစ်ခဲ့ကြောင်း၊ ဒုတိယဘဝတွင် ပါဋလိပုတ်မင်းဖြစ်ကြောင်းနှင့် တတိယဘဝတွင် ဘောဓပြည်မင်းသားဖြစ်ခဲ့ကြောင်း ခမ်းနားစွာ ရေးထိုးထားသည်။

ထိလိုင်မင်းမဖြစ်မီ စတုတ္ထဘဝသည် ကေလာသ ငွေတောင်ထွတ်တွင် သီတင်းသုံးသည့် ဗိသနိုးရသေ့ဖြစ်၍ ဗုဒ္ဓဘုရားရှင်က နောင်အခါ၌ တရားမင်းအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရှင်အာနန္ဒာကို ပြောကြားခဲ့ပုံကို ရှည်လျားစွာရေးထိုးထားသည်။ ဆက်လက်၍ ပဉ္စမဘဝသည် သရေခေတ္တရာပြည်ကို တည်ထောင်စိုးစံသည့် ဂဝံပတိ၊ ဆဋ္ဌမဘဝသည် ဖြဟ္မာ့ဘုံ သား၊ သတ္တမဘဝသည် အရှင်ဂြိတြိဘုဝနာဒိတြမ္မရာဇာဖြစ်ခဲ့သည့် အတ္ထုပ္ပတ္တိဖြစ်စဉ်များကို အကျယ်တဝင့်ရေးထိုးခဲ့သည်။

ကျောက်စာစတုတ္ထစာမျက်နှာတွင် "ငတ်မွတ်ခြင်းကင်း၍ ချမ်းသာကြွယ်ဝ ပေါများခြင်းအကျိုးငှာ ရေမရှိသော၊ လယ်မြေမရှိသော၊ ထွန်ယက်စိုက်ပျိုးခြင်းမရှိသောအရပ်တိုင်း၌ အတို့သခင် အရှင်တရားမင်းသည် ရေကိုမြဲမြံစွာ ဆည်စေ၏။ ရေကန်ကို တူးစေ၏။ စိုက်ပျိုးရန်လယ်မြေကို ဖြစ်စေ၏။ ထိုအခါ ဗုဒ္ဓဖုရားသခင်အထံမှ ဗျာဒိတ်ရသော ဆင်ဖြူကို ယာဉ်ပြုထသော မြတ်သောဂြိတြိဘုဝနာဒိတြမ္မရာဇာ ရာဇဓိရာဇ ပရမိသွာရဗလ စကြာဝတေးမင်းဖြစ်သော သဗ္ဗညုတာဉာဏ်ကို ဆုတောင်းသော ဖုရားလောင်းသည် ဤရေကန်ကို တူးပြီးလျှင် ကျေးငှက်နှင့် လူသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ မဟာနိရဗ္ဗာန်လက်ဆုယ်ခိဟူသော အမည်ကိုပေးတော်မူ၏။ လူအပေါင်းတို့သည် သိကြကုန်လော့"ဟုရေးထိုးကာ အဆုံးသတ်ထားသည်။

အလံပုဂံကျောက်စာနိဂုံးတွင်မူ မဟာနိရဗ္ဗာန်လက်ဆုယ်ခိနေရာ၌ မဟာနိရဗ္ဗာန်အလံဗဂါလိဟု ရေးထိုးထားပြီး ကျန်အကြောင်းအရာများသည် အတူတူဖြစ်သည်။

**❖မြကန်သည် ခရစ်နှစ် ၁၀၈၆ ခုနှစ်မတိုင်မီက မဟာနိရဗ္ဗာန်လက်ဆုယ်ခိရေကန်ဟုအမည်တွင်ခဲ့၍ တုရင်တောင်နှင့် မင်းနန်သူရွာကြားရှိ အလံပုဂံဟုခေါ်ဆိုသည့်ကန်သည် မဟာနိရဗ္ဗာန်အလံဗဂါလိကန်ဟုအမည်ရှိခဲ့သည်။ မြကန်နှင့် အလံပုဂံရေကန်တူးဖော်မှုကို မွန်ဘာသာဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည့် ကျောက်စာတိုင်တစ်တိုင်စီရှိရာ မြကန်ကျောက်စာကို တုရင်တောင်ခြေမှလည်းကောင်း၊ အလံပုဂံကျောက်စာကို အလံပုဂံကန်၏အရှေ့ဘက်နှစ်ဖာလုံဝေးသည့်နေရာမှ လည်းကောင်း တွေ့ရှိခဲ့သည်။ လက်ရှိအချိန်တွင် ထိုကျောက်စာတိုင်နှစ်ခုကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် တိုင်အမှတ် (၁၂၈) နှင့် (၁၂၉)ဟုစာရင်းတင်ကာ ထိန်းသိမ်းထားသည်။ ❖**

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ရေဘဝဲပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ရေဘဝဲ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ရေဘဝဲပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ရေဘဝဲပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒီဒေသကထွက်ရှိတဲ့ ရေထွက်ကုန်ကိုတွေကို ရန်ကုန်ဈေးကွက်ကို အဆင်ပြေပြေတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေ တင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့ အဓိကဈေးကွက်ပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ရေဘဝဲပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ရေဘဝဲတွေကို ရန်ကုန်ဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကိုပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရတယ်"ဟု ဒေါ်ဆွေဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၇၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၄၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များလည်း အရောင်းအဝယ် ကောင်းမွန်ပြီး တင်ပို့အား ကောင်းမွန်လာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## နှစ်ရှစ်ဆယ်တိုင် မယိုင်မလဲ တိုက်ပွဲအလီလီ အောင်ခဲ့ပြီ

- တိုင်းပြည်တစ်ပြည် ရပ်တည်ဖို့အရေး
ဦးစားပေးက မနေးရှိအပ်
တစ်ရပ်တပ်မတော် ဂုဏ်ပေါ်သတင်း
ကောင်းခြင်းလက်နက် တိုးတက်ပညာ
ကိုင်စွဲပါမှ ပေါ်လာရန်သူ
မည်သူမဆိုနှိမ်နင်းလိုက ကွယ်ပျောက်ရလိမ့်။

- တိုင်းပြည့်အင်အားတပ်မတော်အားမို့
အနားမရှိ လေ့ကျင့်သည့်ခါ
ကမ္ဘာအနှံ့ ပျံ့နှံ့ပညာ
တိုးတက်စွာဖြင့် ပေါင်းကာညှိပြီး
လက်နက်ကြီးမှာ ဒုံးပါမချန်
လျင်မြန်လေတပ် ကြည်းရေထပ်၍
မပြတ်အစဉ် တပ်တော်ဝင်လျက်
များဖြင့်အင်အား ပေါင်းစုထားလေ့။

- ယနေ့ချိန်များ ပြည်ဖျက်သမားတို့
သူတို့အားထား တိုင်းတစ်ပါး၏
မြောက်မြားလှစွာ ကူညီတာကြောင့်
မကြာခဏ တပ်မတော်ကပါ
ယာယီဆုတ်ပေး ခံတပ်သေးကြီး
ချည်းနီးသက်သက် ရောက်လျက်ရှိ၏။

- မည်သို့ဆိုစေ ကာလတွေပြောင်း
နရီညောင်းက ပြောင်းပြန်ချိုးကျ
တပ်ကပြန်သိမ်း မိုက်ဇာတ်ငြိမ်းအောင်
ထမ်းဆောင်လျက်ရှိ များအသိ။

- ကောလာဟလ မယုံကြနှင့်
ကြုံရလက်တွေ့ ယုံလေ့အကျင့်
ထားရှိသင့်ပါ များသူငါတို့
ဘယ်ဟာအမှန် စဉ်းစားဉာဏ်ဖြင့်
ချင့်မှန်အတွေး ထားရှိပေးလေ့။

- မြန်မာ့တပ်မတော် ဂုဏ်သတင်းကျော်ဖြင့်
ဖြတ်ကျော်ဆင်နွှဲ တိုက်ပွဲအလီလီ အောင်ခဲ့ပြီမို့
ဆယ်လီရှစ်ကြိမ် တိုင်သည့်ချိန်ထိ
ဂုဏ်ရှိန်တက်ကာ ကောင်းမွန်စွာနှင့်
ခိုင်မာတောင့်သား အင်အားဆယ့်နှစ်ရပ်
မွန်မြတ်လှစွာ ရပ်တည်ပါမည်
ကမ္ဘာမော်ကွန်းထိုးသည့်တိုင်။ ။

**ဘိုမျိုး(ရွှေဘို)**

➤ စာမျက်နှာ ၄ မှအဆက်

**ကျောက်စာပါစာသားများ**

မြကန်ကျောက်စာတွင် ရေးထိုးသည့် ခုနှစ်မပါရှိသော်လည်း ထိလိုင်မင်းနန်းတက်ပြီးနောက်ပိုင်း ၁ဂ၈၆ ခုနှစ်တွင် ရေးထိုးခဲ့သည်ဟုယူဆကြသည်။ မြကန်ကျောက်စာသည် ကန်တူးဖော်မှုမှတ်တမ်းဟုဆိုသော်လည်း ထိလိုင်မင်းသည် ဘုရားရှင်ဗျာဒိတ်တော်အတိုင်း ဘဝပေါင်းခုနစ်ဘဝကိုဖြတ်သန်းခဲ့ပြီး အရိမဒ္ဒနပူရတွင် ထီးနန်းစိုးစံကြောင်းကိုသာ အသားပေးရေးထိုးသည့် ကျောက်စာဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။

ကျောက်စာတွင် ရေးထိုးထားသည့်အကြောင်းအရာများသည် လူအများလက်ခံယုံကြည်ရန် ခက်ခဲသကဲ့သို့ ဗုဒ္ဓကျမ်းစာများတွင်လည်း ပါရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျောက်စာပါ ဗျာဒိတ်စကားများသည်လည်း လုံးဝမဖြစ်နိုင်မှန်း သာမန်လူတို့ပင်သိရှိပြီးဖြစ်ပါသည်ဟု သမိုင်းပါမောက္ခဆရာ ဦးနီတွတ်က ရေးသားခဲ့သည်။

ပိဋကသုံးပုံကျမ်းများတွင် ဘုရားရှင် ပြုံးတော်မူ၍ ရောင်ခြည်တော်များဖြာလာခြင်းကိုမြင်သော ရှင်အာနန္ဒာက ဘုရားရှင် မည်သို့သောအကြောင်းကြောင့်ပြုံးတော်မူပါသနည်းဟု မေးတော်မူလျှင် ဘုရားရှင်က အတိတ်ကိုဆောင်သော်ဟု အစချီဟောကြားလေ့ရှိပုံကို ယူကာ ထိလိုင်မင်း၏ ခုနစ်ဘဝဖြစ်စဉ်ကို ရေးထိုးခဲ့ဟန်ဖြစ်သည်။

ပိဋကတ်ကျမ်းစာများအရ ဘုရားရှင်သည် အကြောင်းမဲ့ပြုံးတော်မမူသကဲ့သို့ မကြာခဏ ပြုံးတော်မူခြင်းလည်းမရှိချေ။ ထို့ကြောင့် မြန်မာစာပေပညာရှင် ဦးဒေးချို(မဟာဝိဇ္ဇာ)က ဘုရားရှင်ပြုံးတော်မူခြင်းသည် မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ရာဇဝင်၊ ဃဋိကာရသုတ်နှင့် မဃဒေဝသုတ်တို့တွင် နှစ်နေရာသာပါရှိကြောင်း ပြောပြခဲ့သည်။

မြန်မာတို့က ဘုရားရှင်ပြုံးတော်မူပြီး အရှင် အာနန္ဒာမေးလျှောက်ခန်း ပစ္စုပ္ပန်ဝတ္ထုဇာတ်အိမ်ကို အလွန်သဘောကျဟန်ရှိကာ ကျန်စစ်သားမွန်ကျောက်စာများတွင် ထိုဇာတ်အိမ်ပုံစံကို အစောဆုံး ရေးထိုးခဲ့သည်။

နောက်ပိုင်းတွင် ရာဇဝင်ကျမ်းရေးသူများက မြန်မာမင်းများကို စာရှုသူများ အထင်ကြီးစေရန် ဘုရားရှင်ပြုံးတော်မူပြီး ဗျာဒိတ်ပေးခန်းကို ထည့်သွင်းရေးသားခဲ့ကြရာ ဦးကုလား၏ မဟာရာဇဝင်ကြီးအပါအဝင် ရာဇဝင်ကျမ်းများတွင် တွေ့ရှိကြရပေသည်။

မြကန်နှင့် အလံပုဂံကန်ကျောက်စာတို့သည်လည်း ရေကန်တူးဖော်မှုမှတ်တမ်းပင်ဖြစ်သော်လည်း ထိလိုင်မင်းခေါ် ကျန်စစ်သားကို အလွန်အကြူး ချီးမြှောက်ထားသည့်စာများကို ဖတ်ရှုရသဖြင့် ထိုခေတ်အခါက မိမိတို့ဘုရင်ကို မည်မျှအလေးထားကြောင်း မှန်းဆနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **မွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)**
- **ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၃)(နီတွတ်)**
- **ပုဂံခေတ်မြန်မာနိုင်ငံသမိုင်း(ဒေါက်တာတိုးလှ)**

# နိုင်ငံတကာ သတင်းများ

## ရီယာ့ဒ်ဆွေးနွေးပွဲမှပေါ်ထွက်လာသည့်ရလဒ်များကို ရုရှားနှင့်အမေရိကန်အစိုးရတို့ လေ့လာဆန်းစစ်နေ

မော်စကို မတ် ၂၅

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ မတ် ၂၄ ရက်က ကျင်းပခဲ့သော ဆွေးနွေးပွဲမှပေါ်ထွက်ခဲ့လာသည့် ရလဒ်များကို ရုရှားနှင့် အမေရိကန်နိုင်ငံတို့က လေ့လာဆန်းစစ်နေကြောင်း ကရင်မလန်နန်းတော် ပြောရေးဆိုခွင့်ရှိသူက သတင်းထုတ်ပြန်ထားသည်။

မတ် ၂၄ ရက် ရီယာ့ဒ်ဆွေးနွေးပွဲသည် ရုရှားနှင့် ယူကရိန်းတို့ကြား ပင်လယ်နက်ဒေသ အပစ်အခတ်ရပ်စဲမှုရယူရေးကို ရည်ရွယ်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း ရုရှားနှင့် အမေရိကန်နှစ်နိုင်ငံစလုံးက ပြောကြားထားပြီး အကြောင်းအရာအသေးစိတ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရီယာ့ဒ်ဆွေးနွေးပွဲ၌ ပါဝင်ခဲ့သည့် နှစ်ဖက်ကိုယ်စားလှယ်များက ဆွေးနွေးပွဲမှပေါ်ထွက်လာသည့် ရလဒ်များကို သက်ဆိုင်ရာအစိုးရများထံ တင်ပြထားပြီး သက်ဆိုင်ရာအစိုးရများက ဆန်းစစ်နေကြဆဲဖြစ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ထို့ပြင် အမေရိကန်၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့ ပါဝင်မည့် ယူကရိန်းငြိမ်းချမ်းရေး သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပရန် အစီအစဉ်မရှိသေးကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်အစိုးရက သေဒဏ်ကျတရားခံအဖြစ် ထောင်အတွင်း နှစ် ၄၀ ကျော် နေခဲ့ရသူအမျိုးသားကို နစ်နာကြေး ဒေါ်လာ ၁ ဒသမ ၄ သန်း ပေးအပ်



တိုကျို မတ် ၂၅

လူသတ်မှုဖြင့် မှားယွင်းပြစ်ဒဏ်ချခံခဲ့ရပြီး သေဒဏ်ကျတရားခံအဖြစ် ထောင်အတွင်း ကမ္ဘာ့နှစ်အကြာဆုံးကြိုးတိုက်အကျဉ်းသားဖြစ်သည့် ဂျပန်အမျိုးသားကို ဂျပန်အစိုးရက နစ်နာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းထိ ပေးအပ်ခဲ့ကြောင်း ဂျပန် အစိုးရတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အီဝါအိုဟာကာမာဒါအမည်ရှိ အဆိုပါအမျိုးသားသည် သေဒဏ်ကျ တရားခံတစ်ဦးအဖြစ် နှစ် ၄၀ ကျော်ကြာ ထောင်ထဲ၌ နေခဲ့ရပြီးနောက် ပြီးခဲ့သည့်နှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

ယခုအခါ အသက် ၈၉ နှစ်အရွယ်ရှိပြီဖြစ်သည့် လက်ဝှေ့သမားဟောင်း ဟာကာမာဒါသည် လေးလောင်းပြိုင် လူသတ်မှုတစ်ခုအတွက် တရားခံအဖြစ် မှားယွင်း စွပ်စွဲခံခဲ့ရပြီးနောက် ၁၉၆၆ ခုနှစ်တွင် သေဒဏ်ချမှတ်ခံခဲ့ရသည်။

သေဒဏ်ကျ တရားခံအဖြစ် အကျဉ်းထောင်အတွင်း နေခဲ့ရသည့်အတွက် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၈၃ ဒေါ်လာနှုန်းဖြင့် နှစ်ပေါင်း ၄၀ ကျော်အတွက် နစ်နာကြေး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းပေးရန် ရှီဇူအိုကာခရိုင်တရားရုံးက မတ် ၂၄ ရက်တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တရားရုံးမှ ဆုံးဖြတ်ပေးသည့်နစ်နာကြေး ပမာဏမှာ နှစ်ပေါင်း ၄၀ ကျော်အတွင်း ဟာကာမာဒါခံစားခဲ့ရသော ဒုက္ခအဝဝနှင့်နှိုင်းယှဉ်ပါက မဖြစ်စလောက် နစ်နာကြေးသာဖြစ်ကြောင်း ဟာကာမာဒါ၏ အကျိုးဆောင်ရှေ့နေများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ပေါ်တူဂီနိုင်ငံခြားရေး ဝန်ကြီးတို့တွေ့ဆုံဆွေးနွေး



ပေကျင်း မတ် ၂၅

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယိနှင့် ပေါ်တူဂီနိုင်ငံခြားရေး ဝန်ကြီး ပေါ်လိုရန်ဂျယ်တို့သည် ယနေ့တွင် ပေကျင်းမြို့တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့တစ်ဝန်း ကုန်သွယ်ရေး ကိစ္စတင်းမာမှုများကို ဖြေလျှော့နိုင်ရန် တရုတ်နှင့် ဥရောပခေါင်းဆောင်များက ကြိုးပမ်းနေစဉ် ပေကျင်းမြို့တော်၌ ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဝင်ရိုးစုံကမ္ဘာကြီး၌ ဥရောပကိုလည်း အရေးကြီးသည့် ဝင်ရိုးတစ်ခုအဖြစ် တရုတ်နိုင်ငံက မှတ်ယူထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နှင့် ဥရောပတို့ကြား ဆက်ဆံရေးကို မြှင့်တင်ရန်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးကို တိုက်တွန်းခဲ့သည်။

ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီး ရန်ဂျယ်၏ ပေကျင်းခရီးစဉ်သည် ငါးနှစ်တာကာလအတွင်း ပေါ်တူဂီအစိုးရ ထိပ်တန်းခေါင်းဆောင်တစ်ဦး၏ ပထမဆုံး တရုတ်ခရီးစဉ်ဖြစ်သည်။

ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီး ရန်ဂျယ်ကဲ့သို့ပင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် အီတလီအထက်လွှတ်တော် ဥက္ကဋ္ဌတို့လည်း ယခု ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ထိုင်းနိုင်ငံ၏ ယခုနှစ်ဖေဖော်ဝါရီလ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်းကျဆင်း

ဘန်ကောက် မတ် ၂၅



ယခုနှစ် ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်းမှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၃ ဒသမ ၆၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြည်တွင်း၌ မော်တော်ယာဉ် ရောင်းချရမှုနှုန်း ကျဆင်းလာမှု၊ ပို့ကုန်ကဏ္ဍ အားနည်းမှုတို့ကြောင့် ထိုင်းနိုင်ငံ၏ ယခုနှစ် ဖေဖော်ဝါရီလ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်။

ထိုင်းစက်မှုလုပ်ငန်းများ အသင်းချုပ်က ထုတ်ပြန်သည့် အစီရင်ခံစာအရ ယခုနှစ်ဖေဖော်ဝါရီလအတွင်း ထိုင်းပြည်တွင်းရှိ ကားစက်ရုံများသည် မော်တော်ယာဉ်သစ် ၁၁၅၄၈၇ စီးသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အကြီးမားဆုံး မော်တော်ယာဉ် တည်ဆောက်ထုတ်လုပ်မှု ဗဟိုချက်နိုင်ငံဖြစ်သည်။

တိုယိုတာနှင့် ဟွန်ဒါကုမ္ပဏီများအပါအဝင် ကမ္ဘာ့ထိပ်တန်း ကားကုမ္ပဏီကြီးများအနက် တချို့မှာ ထိုင်းနိုင်ငံ၌ ယာဉ်ထုတ်လုပ်ရေးစက်ရုံများ အခြေစိုက်ထားသည်။

ထိုင်း စက်မှုလုပ်ငန်းများ အသင်းချုပ်၏အဆိုအရ ထိုင်းနိုင်ငံသည် ယခုနှစ်ဖေဖော်ဝါရီလ ပြည်တွင်း မော်တော်ယာဉ်ရောင်းအားမှာ ယမန်နှစ်အလားတူကာလကထက် ၆ ဒသမ ၆၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၄၉၃၁၃ စီးသာ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကုလသမဂ္ဂက ဂါဇာရှိ နိုင်ငံတကာဝန်ထမ်းအရေအတွက် လျှော့ချမည်

ဂါဇာစီးတီး မတ် ၂၅




ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးနိုင်ငံက စစ်ရေးအရ တိုက်ခိုက်နေမှုများကြောင့် ဂါဇာကမ်းမြောင်ရှိ ကုလသမဂ္ဂ နိုင်ငံတကာဝန်ထမ်းအင်အားကို သုံးပုံတစ်ပုံလျှော့ချရန် စီစဉ်ထားကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက မတ် ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ကုလသမဂ္ဂ ပြည်ပဝန်ထမ်းတစ်ဦးအပါအဝင် အရပ်သားအများအပြား သေဆုံးခဲ့ရပြီးနောက် ပြည်ပဝန်ထမ်းအင်အားကိုလျှော့ချရန် ကုလသမဂ္ဂက စီစဉ်ထားခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်၏ လက်ရှိလုံခြုံရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှုအတိုင်းအတာအရ ဂါဇာဒေသရှိ ကုလသမဂ္ဂ နိုင်ငံတကာဝန်ထမ်းဦးရေ ၁၀၀ အနက် ၃၀ ခန့်ကို လျှော့ချမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက မတ် ၂၄ ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားထားသည်။

မတ် ၁၉ ရက်တွင် အစ္စရေးတင့်ကားတစ်စီးက ဒီရာအယ်လီဘာလာမြို့ရှိ ကုလသမဂ္ဂ အဆောက်အအုံတစ်လုံးကို တိုက်ခိုက်ခဲ့ရာ ဘယ်လ်ဂျီယံနိုင်ငံသား ကုလသမဂ္ဂဝန်ထမ်းတစ်ဦး သေဆုံးခဲ့ရသည်။

ထို့ပြင် ပြင်သစ်၊ မော်လ်ဒိုဗာ၊ မြောက်မက်ဆီဒိုးနီးယား၊ ဗြိတိန်နှင့် ပါလက်စတိုင်းနိုင်ငံတို့မှ ကုလသမဂ္ဂဝန်ထမ်းခြောက်ဦးလည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။


အဆိုပါ ကုလသမဂ္ဂ အဆောက်အအုံတည်ရှိရာနေရာကို အစ္စရေးနှင့် ဟားမတ်စ် နှစ်ဖက်လုံးက သိထားသည်ဖြစ်ရာ ယင်းအဆောက်အအုံ တိုက်ခိုက်ခံရမှုကို စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ်က တောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က အရွယ်အစားကြီးမားသော ဇီဝမော်လီကျူးများကို အင်္ဂါဂြိုဟ်ပေါ်တွင် ရှာဖွေတွေ့ရှိ



**ဝါရှင်တန် မတ် ၂၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အရွယ်အစားကြီးမားသော ဇီဝမော်လီကျူးများကို အင်္ဂါဂြိုဟ်ပေါ်တွင် ရှာဖွေတွေ့ရှိထားကြောင်း မတ် ၂၄ ရက် သတင်းများအရ သိရသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က ရယူစုဆောင်းထားသည့် အင်္ဂါဂြိုဟ်ကျောက်သား နမူနာများထဲတွင် အက်တမ်ပေါင်း ၁၂ လုံးထိ ပါဝင်သော ကာဗွန်မော်လီကျူးများရှိနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်း ကာဗွန်မော်လီကျူးများသည် အဆီခါတ်၏အခြေခံပစ္စည်းတစ်မျိုးဖြစ်သည့် ဖက်တီးအက်စစ်မှပေါ်ထွက်လာသော ကာဗွန်မော်လီကျူးများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ရှာဖွေတွေ့ရှိထားသည့် ကာဗွန်မော်လီကျူးများသည် အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိများ ရှင်သန်ခဲ့မှု၏ ဇီဝအထောက်အထားများ ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကာဗွန်မော်လီကျူးများကို ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က ရယူထားသော သက်တမ်း ၃ ဒသမ ၇ ဘီလီယံရှိ ကျောက်သားနမူနာများထဲ၌ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပေါ်၌ ဘူမိလှုပ်ရှားမှုမရှိခြင်း၊ အအေးဓာတ်ပြင်းထန်လွန်းခြင်းတို့ကြောင့် အဆိုပါ ကာဗွန်မော်လီကျူးများ မပျက်မစီးဘဲ နှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံထိ တည်တံ့နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ရုံး၏ NROL-69 သူလျှိုဂြိုဟ်တုကို Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့

**ဝါရှင်တန် မတ် ၂၅**

အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ရုံး၏ NROL-69 အမည်ရှိ သူလျှိုဂြိုဟ်တုကို Space-X ကုမ္ပဏီက မတ် ၂၄ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

NROL-69 ဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

NROL-69 သူလျှိုဂြိုဟ်တုကို မည်သည့်ပတ်လမ်းပေါ်သို့ ပို့ဆောင်ထားသည်ကို အမေရိကန်အစိုးရ အမျိုးသား ကင်းထောက်ရုံးနှင့် Space-X ကုမ္ပဏီတို့က ကြေညာခြင်းမရှိခဲ့ပေ။




NROL-69 မစ်ရှင်သည် Space-X ကုမ္ပဏီက ယခုနှစ်အတွင်း အမျိုးသားကင်းထောက်ရုံးအတွက် လွှတ်တင်ပေးခဲ့သည့် တတိယမြောက်မစ်ရှင်ဖြစ်သည်။

NROL-69 မစ်ရှင် လွှတ်တင်သည့်နေ့သည် Space-X ကုမ္ပဏီက ၎င်း၏ပထမဆုံးဒုံးပျံဖြစ်သော ဖယ်လ်ကွန်-၁ ဒုံးပျံကိုစမ်းသပ်လွှတ်တင်ခဲ့သည့် ၁၉ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။

Space-X ကုမ္ပဏီသည် ၂၀၀၆ ခုနှစ် မတ် ၂၄ ရက်က ၎င်း၏ ပထမဆုံး ဖယ်လ်ကွန်-၁ ဒုံးပျံကို စမ်းသပ် လွှတ်တင်ခဲ့ရာ ၎င်းမစ်ရှင်မှာ အောင်မြင်မှု မရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့်မြောက်ဝင်ရိုးစွန်းတို့ကို ဖြတ်သန်းတည်ရှိသည့် ပတ်လမ်းပေါ်သို့ Crew Dragon အာကာသယာဉ်လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် မတ် ၂၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့်မြောက်ဝင်ရိုးစွန်းတို့ကို ဖြတ်သန်းတည်ရှိသည့် ပတ်လမ်းပေါ်သို့ အာကာသယာဉ်မှူးများလိုက်ပါမည့် Crew Dragon အာကာသယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားကြောင်း မတ် ၂၄ ရက် သတင်းများအရ သိရသည်။

Fram-2 ဟူ၍အမည်ပေးထားသော အဆိုပါမစ်ရှင်တွင် Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ ပုဂ္ဂလိကအာကာသခရီးသည် လေးဦးလိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Fram-2 မစ်ရှင်ကို မတ် ၃၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် Crew Dragon အာကာသလူသယ်ယာဉ်သည် ပုဂ္ဂလိက အာကာသခရီးသည်လေးဦးကို ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့ကို ဖြတ်ကျော်တည်ရှိနေသည့် ၉၀ ဒီဂရီပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

Space-X ကုမ္ပဏီ၏ Fram-2 မစ်ရှင်သည် အချိန်ကာလအားဖြင့် သုံးရက်မှ ငါးရက်ထိ ကြာမြင့်နိုင်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခင်ကလည်း နိုင်ငံတကာ အာကာသစခန်းသို့ ပုဂ္ဂလိကအာကာသခရီးစဉ်များကို သုံးကြိမ်ထိလွှတ်တင်ပေးခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ရို့စ်မာရီတွင်ပါဝင်သော ဓာတုဒြပ်ပေါင်းတစ်မျိုးက အယ်ဇိုင်းမားကုထုံး ဖြစ်လာနိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၂၅**

ရို့စ်မာရီ ခေါ် ဟင်းခတ်အမွှေးအကြိုင်ပင်တစ်မျိုးမှ ရရှိသည့် ဓာတုဒြပ်ပေါင်း တစ်မျိုးသည် အယ်ဇိုင်းမားရောဂါကို ကုသနိုင်သောကုထုံး ဖြစ်လာနိုင်ဖွယ်ရှိကြောင်း မတ် ၂၄ ရက်သတင်းများအရ သိရသည်။

ရို့စ်မာရီတွင်ပါဝင်သော ကာနိုးဆစ်အက်စစ် (Carnosic Acid) ခေါ် ဓာတုဒြပ်ပေါင်းကို ဦးနှောက်ရောင်ရမ်းမှုလျှော့ချရာတွင် အသုံးပြုနိုင်ကြောင်း၊ ဦးနှောက်ရောင်ရမ်းမှုပြဿနာသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရားတစ်ရပ် ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏လက်တွေ့စမ်းသပ်မှုများအရ ကာနိုးဆစ်အက်စစ်သည် ဦးနှောက် ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်သလို ကျန်းမာရေးကောင်းမွန်သော အာရုံနှော့ဗ်ဆဲလ်များ အရေအတွက်ကိုလည်း ထိန်းပေးထားနိုင်ကြောင်း၊ ကာနိုးဆစ်အက်စစ်ကို ဘေးကင်းလုံခြုံမှုရှိသော ဓာတုဒြပ်ပေါင်း တစ်မျိုးအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားပြီးဖြစ်ရာ ၎င်းဓာတုဒြပ်ပေါင်းမှာ မကြာမီကာလအတွင်း အယ်ဇိုင်းမားကုထုံးသစ် ဖြစ်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အယ်ဇိုင်းမားရောဂါအတွက် လက်ရှိအချိန်တွင် ကုထုံးမရှိသေးဘဲ ရောဂါလက္ခဏာများကို လျှော့ချနိုင်သည့် ဆေးဝါးများသာ ရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို မြှင့်တင်ပေးသည့်ဓာတ်စာပုံစံက ဆီးကျိတ်ကင်ဆာရောဂါတိုးနှုန်းကို ထိန်းထားနိုင်

**လန်ဒန် မတ် ၂၅**

ပန်းဂေါ်ဖီစိမ်း၊ လက်ဖက်စိမ်းနှင့် ဇီဝအကျိုးပြုအစားအစာများ ပါဝင်သည့် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို မြှင့်တင်ပေးသော ဓာတ်စာများ စားသုံးခြင်းဖြင့် ဆီးကျိတ်ကင်ဆာ ရောဂါတိုးလာမှုကိုထိန်းထားနိုင်ကြောင်း မတ် ၂၄ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစာခြေ လမ်းကြောင်းစနစ် ကျန်းမာရေးကို မြှင့်တင်ပေးသည့် ဓာတ်စာများစားသုံးသူ ဆီးကျိတ်ကင်ဆာလူနာများ၌ ရောဂါတိုးနှုန်းမှာ ၄၂ ရာခိုင်နှုန်း ပို၍ နှေးကွေးကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမျိုးသားများအနေဖြင့် ဆီးကျိတ်ကင်ဆာရောဂါကို ဓာတ်စာပုံစံ ရွေးချယ်စားသုံးခြင်းဖြင့် ထိန်းချုပ်ထားနိုင်ဖွယ်ရှိသည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာလူနာ ၂၀၀ ကျော်တို့ကို ဇီဝအကျိုးပြုအားဖြည့်ဆေးတစ်မျိုးနှင့် Phyto-chemical ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးတို့ကို လက်တွေ့တိုက်ကျွေးစမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါလူနာများ၌ ဆီးကျိတ်ကင်ဆာရောဂါတိုးနှုန်းမှာ ၄၂ ရာခိုင်နှုန်း နှေးကွေးသွားသည်ကို တွေ့ရကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နယူးကယ်လီဒိုးနီးယားကို အနိုင်ရခဲ့သည့် နယူးဇီလန်အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်




ဝယ်လင်တန် မတ် ၂၅

နယူးဇီလန် အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် နယူးကယ်လီဒိုးနီးယားအသင်းနှင့် ကစားခဲ့ရာ ပွဲချိန်အတွင်း သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

နယူးဇီလန် အသင်းသည် သမုဒ္ဒရာပိုင်းဇုန် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်များတွင် ၂၀၁၀ ပြည့်နှစ်က ခြေစစ်ပွဲအောင်မြင်ခဲ့ပြီးနောက်ပိုင်း နှစ်စဉ် play-off ကစားခွင့်ရရှိခဲ့သော်လည်း ရှုံးနိမ့်ခဲ့သောကြောင့် ကမ္ဘာ့ဖလားဝင်ရောက်ယှဉ်ပြိုင်ခွင့်နှင့် လွဲချော်ခဲ့ရပြီး လက်ရှိတွင် သမုဒ္ဒရာပိုင်းဇုန် ခြေစစ်ပွဲအဆင့်တွင် နယူးကယ်လီဒိုးနီးယားအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သဖြင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အာရှဇုန်မှ ဂျပန်အသင်းပြီးလျှင် ဒုတိယမြောက် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် အသင်းဖြစ်လာခဲ့သည်။

နယူးဇီလန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးထွက်အဆင့်တွင် ဆာမိုအာအသင်းနှင့် ကစားခဲ့ရသော်လည်း ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ဖီဂျီအသင်းနှင့် တွေ့ဆုံခဲ့ရာ ပြိုင်ဘက်ကို ထိန်းချုပ်ကစားနိုင်ခဲ့သောကြောင့် ခုနစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲတွင် နယူးကယ်လီဒိုးနီးယားအသင်းနှင့် တွေ့ဆုံခဲ့ပြီး တိုက်စစ်မှူး ခရစ်ဝုဒ် ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိသော်လည်း ပြိုင်ဘက်ကို အဘက်ဘက်က အသာစီးရယူ၍ ပွဲကစားချိန် ၆၁ မိနစ်၊ ပွဲကစားချိန် ၆၆ မိနစ်နှင့် ပွဲကစားချိန် မိနစ် ၈၀ တို့တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် ဂိုးပြတ်နိုင်ပွဲရခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားနောက်ပိုင်း ပထမဆုံး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဖာရန်တောရက်စ်ကို သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုရန် ဘာစီလိုနာအသင်းဆုံးဖြတ်

ဘာစီလိုနာ မတ် ၂၅

ဘာစီလိုနာ အသင်းသည် လာမည့် ၂၀၂၇ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် တောင်ပံ တိုက်စစ်မှူး ဖာရန်တောရက်စ်ကို နောက်ထပ်နှစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယခင်က အသင်းတာဝန်ရှိသူများက ဖာရန်တောရက်စ်ကို အရောင်းစာရင်းတင်သွင်းခဲ့သော်လည်း ကစားသမားကို ကမ်းလှမ်းသည့်အသင်းမရှိသဖြင့် အသင်းနှင့် ဆက်လက်ကစားခွင့် ရရှိခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီ နည်းပြဖလစ် လက်အောက်တွင် ပုံစံကောင်းများ ပြသနိုင်ခဲ့သောကြောင့် အသင်းအနေဖြင့် နောက်ထပ် နှစ်နှစ် သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖာရန်တောရက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိရန် နည်းပါးခဲ့သော်လည်း လူစားဝင်ကစားသည့်အချိန်တွင် အသင်းအတွက် ဂိုးများသွင်းယူ၍ နည်းပြဖလစ်၏ တိုက်စစ်ပိုင်းကို အကောင်းဆုံး ကူညီနိုင်ခဲ့ပြီး ၎င်း၏ ခြေစွမ်းပိုင်းကို သက်သေပြနိုင်ခဲ့သူဖြစ်သည်။

၎င်းအနေဖြင့် ဘာစီလိုနာ အသင်းတွင် ဆက်လက်ကစား၍ အသင်းနှင့် အောင်မြင်မှုများရရှိရန် ဆန္ဒရှိသော်လည်း အသင်းက ၎င်းကိုရောင်းချရန် ပြင်ဆင်ခဲ့သောကြောင့် အသင်းမှထွက်ခွာရန် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာ အသင်းသည် ဖာရန်တောရက်စ်ကို နှစ်နှစ်သက်တမ်းတိုးသွားမည်ဖြစ်ကာ လက်ရှိရရှိနေသည့် လုပ်ခလစာထက်ပိုပေးမည်မဟုတ်သော်လည်း ၎င်း၏ ခြေစွမ်းပိုင်းပေါ် မူတည်၍ အပိုဆုကြေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Barcablaugranes

Trs : ML




# စဝီယာတက်ခ်က စဗစ်တိုလီနာကိုအနိုင်ယူကာ မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့တက်ရောက်

ဖလော်ရီဒါ မတ် ၂၅

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် မိုင်ယာမီအိုးပင်း တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၇-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်အနေဖြင့် ပုံစံကောင်းမရသေးသော်လည်း အနိုင်ရလဒ်ဖြင့်ထိုက်တန်သော စွမ်းဆောင်ရည်မျိုး ပြသနိုင်ခဲ့ပြီး အကြိတ်အနယ်ကစားခဲ့ပြီးမှ ကွာတားဖိုင်နယ်သို့တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် တင်းနစ်ရာသီအတွင်း အောင်မြင်မှုမရသေးပဲ ပထမဆုံးသောဆုဖလားကိုဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားလျက်ရှိသည်။

စဝီယာတက်ခ်က "စဗစ်တိုလီနာဟာ ခက်ခဲတဲ့ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ ပထမပွဲငယ်မှာ ကျွန်မကိုတောက်လျှောက် ဖိအားပေးကစားခဲ့တယ်။ ဒုတိယပွဲငယ်မှာတော့ အားနည်းချက်တွေကို ပြန်လည် ပြင်ဆင်နိုင်ခဲ့ပြီးတော့ ပထမပွဲငယ်ကလောက် ဖိအားပေးမခံရတော့ဘူး။ ကျွန်မအနေနဲ့ တန်ပြန် ဖိအားပေးနိုင်အောင် ကြိုးစားခဲ့တဲ့ အတွက်ကြောင့်လည်း ဒုတိယပွဲငယ်မှာ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့ခြင်း ဖြစ်ပါတယ်။ ဖိအားပေးကစားနိုင်ဖို့ ကြိုးစားတဲ့အခြေအနေမှာ စိတ်ရှည်ဖို့ လိုအပ်တဲ့အတွက်ကြောင့် စိတ်ရှည်ရှည်ထားပြီး အခွင့်အရေးတွေကို စောင့်ခဲ့တယ်။ မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။



စဝီယာတက်ခ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ဖိလစ်ပိုင်တင်းနစ်မယ် အလက်ဇန္ဒရာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်းကို လီဗာပူးအသင်းကလည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၁၂၀ ထိအသုံးပြု၍ ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အမြန်ဆုံးကစားသမား သုံးဦးစာရင်းတွင် စပါးအသင်းမှ ဗန်ဒီဗန်၊ မန်စီးတီးအသင်းမှ မာသီးယက်စ်ကန်ဟာ၊ ဘရန့်ဖို့ဒ်အသင်းမှ မီအူမိုနှင့် အနှေးဆုံးကစားသမား သုံးဦးစာရင်းတွင် မန်စီးတီးမှ ဘာနာဒို ဆေးဗား၊ ဝုဗ်အသင်းမှ ဒေါ်ဆွန်၊ အာဆင်နယ်မှ မာရင်နိုတို့ အစဉ်လိုက်ရပ်တည်နေကြောင်း Opta က ထုတ်ပြန်ခဲ့သည်။
- အေစီမီလန်အသင်းက ခံစစ်ပိုင်းမှ တိုမိုရီကို စပါးအသင်း ခံစစ်ကစားသမား ဒရာဂူဆင်နှင့် အလဲအထပ်ပြုလုပ်ရန် ကြိုးပမ်းနေပြီး ဒရာဂူဆင်၏ ဈေးကွက်တန်ကြေးမှာ ယူရို သန်း ၃၀ ရှိကြောင်း သိရသည်။

ML

# ဒဏ်ရာကြောင့် အနားယူနေရသည့် အင်နီဂိုမာတီနက်ဇ် အိုဆာဆူနာနှင့်ပွဲစဉ်တွင် ပါဝင်မည်ဟုဆို

မက်ဒရစ် မတ် ၂၅

ခံစစ်ကစားသမား မာတီနက်ဇ်သည် ဒူးဒဏ်ရာကြောင့် အနားယူနေရသော်လည်း ယခုအခါ အသင်းနှင့် ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်နိုင်သဖြင့် အိုဆာဆူနာအသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်ဟု နည်းပြဖလစ်က ပြောကြားခဲ့သည်။



အင်နီဂို မာတီနက်ဇ်သည် ဒူးဒဏ်ရာကြောင့် နေးရှင်းလိဂ်ပြိုင်ပွဲကစားရမည့် စပိန်အသင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် ငါးရက်တာကာလ အနားယူခဲ့ကာ လက်ရှိတွင် အသင်းနှင့် ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ခဲ့ပြီး လာမည့်ပွဲစဉ်တွင် ပါဝင်နိုင်ရန် သေချာနေခြင်းဖြစ်သည်။

နည်းပြဖလစ်အနေဖြင့် စပိန် ယူ-၂၁ အသင်းမှ အသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့သည့် တိုက်စစ်မှူး ဖာမင်လိုပက်ဇ်နှင့် ကွင်းလယ်ကစားသမား ပက်ဘလိုတိုရီတို့ အပါအဝင် အင်နီဂို မာတီနက်ဇ်နှင့် လေ့ကျင့်ရေးအစီအစဉ်များ ဆက်လက်ပြုလုပ်ခဲ့ပြီး အိုဆာဆူနာအသင်းနှင့် ပွဲစဉ်တွင် မာတီနက်ဇ်ကို ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် နိုင်ငံတကာပြိုင်ပွဲကာလ ပြီးဆုံးပြီးနောက် ၇၂ နာရီမတိုင်မီ အိုဆာဆူနာအသင်းနှင့် ပွဲကျန်ကစားရမည်ဖြစ်သဖြင့် နိုင်ငံကိုယ်စားပြုပါဝင်ကစားခဲ့ရသည့် ကစားသမားအများအနေဖြင့် ဒဏ်ရာပြဿနာကြုံတွေ့မည်ကို စိုးရိမ်လျက်ရှိပြီး လက်ရှိတွင် ဒူးဒဏ်ရာရရှိနေသည့် ကာဆာဒိုနှင့် ကြွခိုင်မှုလိုအပ်ချက်ရှိနေသည့် တိုက်စစ်မှူး လီဝမ်ဒေါစကီး၊ ခံစစ်ကစားသမား ကျူဘာစီတို့ကို အိုဆာဆူနာနှင့်ပွဲတွင် လက်လွှတ်ရမည်ဖြစ်သည့်အပြင် တောင်အမေရိကဇုန်မှ ကမ္ဘာ့ဖလား ခြေစစ်ပွဲကစားနေသည့် ခံစစ်ကစားသမား အာရူဂျိုနှင့် တိုက်စစ်မှူး ရာဖင်ဟာတို့လည်း ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

# EBU European စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံအတွက် ကောလမ်ဆင်ပဆင်က အိုင်ဗန်ဇက်ကိုနှင့် ထိုးသတ်မည်



**လန်ဒန် မတ် ၂၅**

British နှင့် Commonwealth စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ အင်္ဂလန်လက်ဝှေ့ ကစားသမား ကောလမ်ဆင်ပဆင်သည် လစ်လပ်နေသော EBU European စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံအတွက် အီတလီ လက်ဝှေ့ကစားသမား အိုင်ဗန်ဇက်ကိုနှင့် ဇွန် ၇ ရက်တွင် အင်္ဂလန်နိုင်ငံ ဘန်စလေမြို့တွင် ထိုးသတ်သွားရန် သဘောတူညီချက်ရရှိခဲ့ပြီဟု ကောလမ်ဆင်ပဆင်က ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကောလမ်ဆင်ပဆင် သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၁၇ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသည့် ကစားသမားတစ်ဦးဖြစ်သကဲ့သို့ အိုင်ဗန်ဇက်ကိုသည်လည်း ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၂၁ ပွဲထိုးသတ်ထားကာ ရှုံးပွဲမရှိသေးသည့် ကစားသမားတစ်ဦး ဖြစ်သည်။

နှစ်ဦးစလုံးက ရှုံးပွဲမရှိစံချိန်ကို ထိန်းသိမ်းနိုင်ရေးအတွက် ပစ်မှတ်ထားနေသကဲ့သို့ အနိုင်ရရှိသူက ကမ္ဘာ့ချန်ပီယံအား စိန်ခေါ်နိုင်မည့်အခွင့်အရေးလည်း ရရှိလာနိုင်သည့်အတွက် အကြိတ်အနယ် ရှိလာနိုင်သည့်ပွဲစဉ်တစ်ပွဲဖြစ်သည်။

ခါးပတ်နှစ်ခု ပိုင်ဆိုင်ထားသည့် ကောလမ်ဆင်ပဆင်က "အိုင်ဗန်ဟာ လက်ဝှေ့သမားကောင်းတစ်ယောက်ပါ။ ကျွန်တော့်ကို အခက်တွေ့စေနိုင်တဲ့ လက်ဝှေ့သမားတစ်ယောက်လည်း ဖြစ်ပါတယ်။ သူ့ရဲ့ထိုးပေါက်တွေကို ကျွန်တော်လေ့လာကြည့်ဖြစ်တယ်။ တော်တော်လေးမာတဲ့ လက်ဝှေ့သမား တစ်ယောက်ပါ။ သူနဲ့ထိုးသတ်ဖို့အတွက် ကျွန်တော် အများကြီးပြင်ဆင်သွားရမယ်။ လေ့ကျင့်ခန်းမပြတ်သလို အချိန်လည်း ရသေးတဲ့အတွက်ကြောင့် အကောင်းဆုံးပြင်ဆင်နိုင်မှာပါ။ သူကလည်း ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားချင်သလို ကျွန်တော်လည်း ကျွန်တော့်ရဲ့ ရှုံးပွဲမရှိစံချိန်ကို မပျက်စေချင်ဘူး။ ဒါကြောင့် ရေကုန်ရေခန်း ထိုးသတ်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# Open Championship ဝင်ခွင့်အတွက် ဂါစီယာ မျှော်လင့်ချက်နည်းပါးလာ

**မက်ဒရစ် မတ် ၂၅**

LIV Golf အဖွဲ့ချုပ်နှင့် ပူးပေါင်းထားသည့် စပိန်နိုင်ငံ၏ အကောင်းဆုံးဂေါက်သီးရိုက် ကစားသမား စာရင်းဝင် ဂါစီယာသည် Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf အဖွဲ့ချုပ်မှ ကစားသမားအတွက် သတ်မှတ်ပေးထားသောနေရာဖြင့် လွဲချော်ရန် ရာခိုင်နှုန်းများလာသည်ဟု ဂါစီယာက ဝန်ခံပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါစီယာသည် မကြာသေးမီက တရုတ်နိုင်ငံ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော မကာအိုတွင်ကျင်းပခဲ့သည့် Asian Tour International Series ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့သည့်အတွက် Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲဝင်ခွင့်အတွက် မျှော်လင့်ချက်နည်းပါးလာခြင်းဖြစ်သည်။

Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf အဖွဲ့ချုပ်မှ ကစားသမားများအတွက် ဝင်ခွင့်နေရာ သုံးနေရာ ပေးထားပြီး ဂါစီယာက စတုတ္ထနေရာတွင် ရပ်တည်လျက်ရှိသည်။

Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဇူလိုင်လ ၁၇ ရက်နေ့တွင် စတင်ကျင်းပသွားမည်ဖြစ်သည့်အတွက် ကြားကာလ တွင် ပြိုင်ပွဲအနည်းငယ်သာ ကျန်ရှိတော့သည့် အခြေအနေကြောင့် ဂါစီယာအနေဖြင့် Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲဝင်ခွင့်အတွက် မျှော်လင့်ချက်နည်းလာခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ၁၉၉၂ ခုနှစ်နောက်ပိုင်း အင်္ဂလန်အသင်းအိမ်ကွင်းတွင် တည်ကန်ဘောမှ ဂိုးသွင်းယူနိုင်သူအဖြစ် ရီစီဂျိမ်း မှတ်တမ်းဝင်



**လန်ဒန် မတ် ၂၅**

အင်္ဂလန်အသင်းနှင့် ချဲလ်ဆီးအသင်း တောင်ပံခံစစ်ကစားသမား ရီစီဂျိမ်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (ဥရောပဇုန်) အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် လတ်ဗီးယားအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ၁၉၉၂ ခုနှစ်နောက်ပိုင်း အင်္ဂလန်အသင်း အိမ်ကွင်းတွင် တည်ကန်ဘောမှ ဂိုးသွင်းယူနိုင်ခဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အင်္ဂလန်အသင်းတွင် နှစ်နှစ်ခွဲကျော်ကြာ ပါဝင်ခွင့်ရရှိခဲ့သည့် ရီစီဂျိမ်းသည် နည်းပြတူချယ် ယုံကြည်မှုနှင့်အတူ ပြန်လည်ပါဝင်ခွင့်ရရှိခဲ့ပြီး အင်္ဂလန်အသင်းနှင့် လတ်ဗီးယားအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင်လည်း ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ကာ ပွဲချိန် ၃၈ မိနစ်တွင် လတ်ဗီးယားအသင်း၏ဂိုးနှင့် ၂၅ ကိုက်အကွာတွင်ရရှိခဲ့သည့် အလွတ်တည်ကန်ဘောမှတစ်ဆင့် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်း သမိုင်းတစ်လျှောက်တွင် အိမ်ကွင်းဖြစ်သည့် ဝင်ဘာလေ အားကစားကွင်းတွင် နောက်ဆုံး အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ပြီးခဲ့သည့် ၁၉၉၂ ခုနှစ်က အင်္ဂလန်အသင်းနှင့် တူရကီယဲအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အင်္ဂလန်အသင်း ဂန္ထဝင်ကစားသမားအဖြစ် သတ်မှတ်ခံထားရသည့် စတူးဝပ်ပီးယော့က သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး စတူးဝပ်ပီးယော့နောက်ပိုင်း ရီစီဂျိမ်းက ပြန်လည်သွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မန်ယူအသင်းနည်းပြ အာမိုရင်က တိုက်စစ်ပိုင်းတွင် စပို့တင်းလစ္စဘွန်းအသင်းမှ ထရင်ကာအိုကိုခေါ်ယူရန် ပစ်မှတ်ထားနေ

**မန်ချက်စတာ မတ် ၂၅**

မန်ယူအသင်းနည်းပြ အာမိုရင်က လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် အန်တိုနီ၊ ဆန်ချိုနှင့် ရက်ရှ်ဖို့ဒ်တို့ကို အပြီးသတ်ရောင်းချပြီး ၎င်း၏နေရာတွင် အသင်းဟောင်း စပို့တင်းလစ္စဘွန်းအသင်းမှ ထရင်ကာအိုနှင့် ပြန်လည်အစားထိုးရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထရင်ကာအိုသည် စပို့တင်းလစ္စဘွန်းအသင်းတွင် လက်ရှိမန်ယူအသင်းနည်းပြ အာမိုရင်နှင့် လက်တွဲခဲ့ဖူးသူဖြစ်ပြီး စပို့တင်းလစ္စဘွန်းအသင်းကို နည်းပြအာမိုရင်ကိုင်တွယ်စဉ်က ၎င်းအားထားရသည့် ကစားသမားများအနက် တစ်ဦးအပါအဝင် ဖြစ်သည့်အတွက် နည်းပြအာမိုရင်က ထရင်ကာအိုကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ထရင်ကာအိုသည် စပို့တင်းလစ္စဘွန်းအသင်းတွင် ညာတောင်ပံ တိုက်စစ်နေရာတွင်သာမက ဘယ်တောင်ပံခံစစ်နေရာတွင်ပါ အကောင်းဆုံးကစားနိုင်သူဖြစ်သည့်အတွက် နည်းပြအာမိုရင်က ထရင်ကာအိုကို ခေါ်ယူပြီး ညာတောင်ပံတိုက်စစ်ကို အင်အားဖြည့်တင်းလိုခြင်းဖြစ်သည်။

လက်ရှိတွင် ထရင်ကာအိုကို မန်ယူအသင်းအပြင် ဘာစီလိုနာအသင်းနှင့် နယူးကာဆယ်အသင်းတို့ကလည်း အပြိုင်ကမ်းလှမ်းမှုများလုပ်ဆောင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : One Football

Trs : STA



# ရီးရဲလ်မက်ဒရစ်အသင်းက အာနိုးလ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုရန် အပြီးသတ်သဘောတူညီမှုရရှိ

**မက်ဒရစ် မတ် ၂၅**

ရီးရဲလ်မက်ဒရစ် အသင်းက လီဗာပူးအသင်းမှ တောင်ပံခံစစ်ကစားသမား အာနိုးလ်ကို လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူ၍ ငါးနှစ်စာချုပ် ချုပ်ဆိုရန် အပြီးသတ်သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ အာနိုးလ်သည် လီဗာပူးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝ လီဗာပူးအသင်းတစ်သင်းတည်းတွင်သာ ကစားခဲ့သူဖြစ်ကာ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး လက်ရှိအကောင်းဆုံး ညာတောင်ပံ ခံစစ်ကစားသမားများအနက် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

လီဗာပူး အသင်းကလည်း ထိပ်တန်းကစားသမား တစ်ဦးကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အကြိမ်ကြိမ် ကမ်းလှမ်းခဲ့သော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်ခဲ့သကဲ့သို့ အာနိုးလ်ကိုယ်တိုင်ကလည်း ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်ဆွေးနွေးမှုကို ရပ်ဆိုင်းခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက်သာ ဆုံးဖြတ်ခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းက အာနိုးလ်ကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂၄၀၀၀၀၊ တစ်နှစ်လုပ်ခ စတာလင်ပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အပြီးသတ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## နှစ် ၈၀ ပြည့် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် အမျိုးသားတပ်မတော်

နှစ်စဉ်တပေါင်းလရောက်ပြီဆိုလျှင် ရာသီဥတုသည် အပူရှိန်တဖြည်းဖြည်းမြင့်တက်လာလျက်ရှိသည်။ ထိုသို့ ပူပြင်းသောရာသီဥတုအောက်တွင် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေသူများရှိနေသည်။ လွန်ခဲ့သော နှစ် ၈၀ က ယခုလို ပြင်းထန်သောအပူချိန်အောက်တွင် မျိုးချစ်တပ်မတော်သားများသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်ရန် စစ်ထွက်ခဲ့ကြသည်။ တိတိကျကျဆိုရလျှင် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် ထာဝစဉ်ထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်လက်တွဲပြီး ဆင်နွှဲခဲ့သည်။

ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သောနေ့ဖြစ်သည့် မတ်လ ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် ထိုနေ့ ထိုရက်ရောက်ရှိချိန်တွင် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များပါဝင်သော တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးကို ခမ်းနားထည်ဝါစွာကျင်းပလေ့ရှိသည်။ ထိုမွန်မြတ်သော အစဉ်အလာများနှင့်အညီ ယခုနှစ် မတ်လ ၂၇ ရက်နေ့ဆိုလျှင် ပြည်ထောင်စုတပ်မတော်ကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားကြီး ကျင်းပတော့မည်ဖြစ်သည်။

**မားမားမတ်မတ်ရပ်တည်ခဲ့**

စင်စစ်အားဖြင့် တပ်မတော်သည် ဘီအိုင်အေ၊ ဘီဒီအေ၊ ဘီအင်န်အေ၊ ပီဘီအက်ဖ်ဟူ၍ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းကာ တိုင်းပြည်လွတ်လပ်ရေးရရှိသည်ထိ တိုက်ပွဲဝင်ခဲ့သည်။ တပ်မတော်သည် ၁၉၄၈–၁၉၄၉ ခုနှစ်ကာလများအတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းပါလာသော ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရသည်။ ထို့ပြင် တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကိုထိပါးလာသည့် ပြည်ပကျူးကျော်သူတရုတ်ဖြူများကိုလည်း ၁၉၅၂ မှ ၁၉၅၈ ခုနှစ်ထိ စစ်ဆင်ရေးကြီးများဆင်နွှဲပြီး မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ကာကွယ်ခဲ့ရသည်။

ထို့နောက် တပ်မတော်သည် ၁၉၅၈ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်ကို အိမ်စောင့်အစိုးရအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင်လည်း တော်လှန်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။ ထို့ပြင် ၁၉၈၈ ခုနှစ်တွင် ထိတ်လန့်ဖွယ်ကောင်းသည့်အရေးအခင်းများကြောင့် တပ်မတော်သည် စက်တင်ဘာလ ၁၈ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟူ၍ ဖွဲ့စည်းဖြစ်တည်ခဲ့ရပြန်သည်။ ထို့နောက် ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟူ၍ ပြင်ဆင်ဖွဲ့စည်းကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းပြမြေပုံကို ချမှတ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပြီး ရွေးကောက်ခံအမတ်များဖြင့် လွှတ်တော်များခေါ်ယူကာ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် အရပ်သားများဖြင့်ဖွဲ့စည်းထားသည့် ဒီမိုကရေစီအစိုးရသို့အာဏာကို ညင်သာချောမွေ့စွာလွှဲပြောင်းပေးနိုင်ခဲ့သည်။ ထိုစွမ်းဆောင်ချက်များသည် မည်သူမျှငြင်းဆို၍မရသော တပ်မတော်၏ကြိုးပမ်းအားထုတ်မှုများပင်ဖြစ်သည်။

**မဲမသမာမှုများဖြစ်ပေါ်ခဲ့**

တပ်မတော်အနေဖြင့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် အစိုးရပြည်သူတို့နှင့်အတူ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် တရားနည်းလမ်းတကျဖြေရှင်းပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများကို တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းလာခဲ့သဖြင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် နိုင်ငံတော်အာဏာကို ခေတ္တထိန်းသိမ်းခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးလုပ်ငန်းများတိုးတက်ရေး၊ ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးစသည့်လုပ်ငန်းများကို အဆင့်အလိုက်အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် "လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး"ပင်ဖြစ်သည်။

**❖လက်ရှိအချိန်တွင် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့သည် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့်ပူးပေါင်းပြီး ပြည်သူများကို အကြောက်တရားလွှမ်းမိုးလာစေရေးနှင့် ၎င်းတို့ ထိန်းချုပ်နယ်မြေများ ချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံရေးကိစ္စကို အကြောင်းပြပြီး အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းကို တရားလက်လွှတ်ဥပဒေမဲ့လုပ်ဆောင်လျက်ရှိသည်။ ❖**

**ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိတို့တပ်မတော်သားများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အဓိကနေရာမှ တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ထို့ပြင် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမည့်အရေးကြုံလာလျှင်လည်း မိမိတို့တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအတွက်အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခိုင်မာဆုံးအင်အားစုတစ်ရပ်လည်းဖြစ်ကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့ တပ်မတော်သည် ပြည်သူလူထုလိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း" တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၈) သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ ပြောကြားသွားခဲ့သည်။

**ရွံ့ရှာစက်ဆုပ်လျက်ရှိ**

လက်ရှိအချိန်တွင် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့သည် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့်ပူးပေါင်းပြီး ပြည်သူများကို အကြောက်တရားလွှမ်းမိုးလာစေရေးနှင့် ၎င်းတို့ ထိန်းချုပ်နယ်မြေများချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံရေးကိစ္စကို အကြောင်းပြပြီး အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းကို တရားလက်လွှတ်ဥပဒေမဲ့လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းကြောင့် နယ်မြေဒေသတချို့တွင် မတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝနှင့် အသက်အန္တရာယ်များ ထိခိုက်ဆုံးရှုံးနေရခြင်းဖြစ်သည်။ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးနေသည့် အကြမ်းဖက်သောင်းကျန်းသူများသည် ထာဝရငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကိုသာ ဦးတည်လုပ်ဆောင်နေကြခြင်းပင်ဖြစ်သည်။

အထူးသဖြင့် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လိုပြီး ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ဖိအားပေးခြင်းများကို ပြုလုပ်နေသကဲ့သို့ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုပြုလုပ်နေကြသဖြင့် တည်ငြိမ်အေးချမ်းစွာနေထိုင်လိုကြသည့်ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင်အဆောက်အအုံများ များစွာ ပျက်စီးဆုံးရှုံးလျက်ရှိသည်။ ထို့ကြောင့် အေးချမ်းစွာနေထိုင်လိုကြသည့် အပြစ်မဲ့ပြည်သူများသည် နိုင်ငံရေးပြဿနာကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းဖြင့် ရယူရန်ကြိုးစားနေကြသည့် အကြမ်းဖက်သမားသောင်းကျန်းသူများကို အလွန်ရွံ့ရှာစက်ဆုပ်နေကြပြီဖြစ်သည်။

**သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေး**

တပ်မတော်သည် ပြည်သူလူထုက ပေါက်ဖွားသည့် ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အားလျော်စွာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန်နှင့် နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တပ်မတော်က ဆင်နွှဲနေသည့် တရားသောစစ်အပေါ် တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက ဝန်းရံထောက်ခံအားပေးလျက်ရှိသည်။ အထူးသဖြင့် သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေးအတွက် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်ပေသည်။ တပ်မတော်အနေဖြင့် သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးအတွက် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားမည်ဖြစ်သည်။

**တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် အမျိုးသားတပ်မတော်**

တပ်မတော်သည် စတင်သန္ဓေတည်ခဲ့သည့် ၁၉၄၁ ခုနှစ်မှ ယနေ့အချိန်ထိ တိုင်းပြည်နှင့်လူမျိုးအတွက် ကာကွယ်ရေးတာဝန်အပြင် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကိုပါ ထမ်းဆောင်ခဲ့ရသည်။ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဦးလည်မသုန်ထမ်းရွက်လျက်ရှိသည်။ တိုင်းပြည်အတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းဖြစ်ပေါ်လာသော ပြည်တွင်းသောင်းကျန်းမှုများကို လက်ရှိအချိန်ထိ နှိမ်နင်းတိုက်ခိုက်နေရဆဲပင်ဖြစ်သည်။ ထိုသို့ ပြည်တွင်းသောင်းကျန်းမှုများ နှိမ်နင်းရာတွင် တပ်မတော်သားများ၏ အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့ရသည်။

ထို့ပြင် ပြည်ပကျူးကျော်သူများကိုလည်း တိုက်ထုတ်ချေမှုန်းခဲ့ရသည်။ တိုင်းပြည်အတွင်းအရေးကြုံတိုင်းရှေ့မှနေ၍ မားမားမတ်မတ်ရပ်တည်ခဲ့ရသည့် အချိန်ကာလများတွင်လည်း တပ်မတော်သည် ကျရာတာဝန်ကို စစ်မှန်သောစေတနာသန့်သန့်ဖြင့်သာ အကောင်းဆုံးထမ်းရွက်ခဲ့သည်သာဖြစ်သည်။ ထိုသို့ နိုင်ငံတော်တာဝန်ကို စီမံခန့်ခွဲအုပ်ချုပ်ရသည့် ကာလများတွင် တပ်မတော်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတားများ၊ ဆည်တမံများ၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ဆက်သွယ်ရေးစခန်းများကို တည်ဆောက်ပေးခဲ့သည်။ အထူးသဖြင့် ဝေးလံခေါင်းပါးသည့်နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများကို ငွေကြေးအမြောက်အမြားအကုန်ကျခံပြီး တည်ဆောက်ပေးခဲ့သည်။

ဆိုရလျှင် ပြည်ထောင်စုတပ်မတော်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထိုသို့ တိုင်းပြည်၏ လိုအပ်ချက်အရဖြစ်တည်လာသောတပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် တိုင်းပြည်အတွင်း အခက်အခဲအကျပ်အတည်းများကြုံတွေ့ရသည့်အချိန်တိုင်း ရှေ့မှမားမားမတ်မတ်ရပ်တည်ခဲ့ရသည်။ အထူးသဖြင့် တပ်မတော်သည် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်အာဏာကို ခေတ္တထိန်းသိမ်းခဲ့ရပြီးနောက် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် "စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး"ကိုလည်းကောင်း၊ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ် သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"ဆိုသည့် ရည်မှန်းချက်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါကြောင်း ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကြီးကို ပိတ်ရက်မရှိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့တွင် နှစ်သစ်မင်္ဂလာအခမ်းအနားကျင်းပမည်



ရန်ကုန် မတ် ၂၅

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကို ပိတ်ရက်မရှိဖွင့်လှစ်ထားမည်ဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့တွင် နှစ်သစ်မင်္ဂလာ အခမ်းအနားကျင်းပသွားမည် ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးတင်ဝထံမှ သိရသည်။

အဆိုပါ မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအခမ်းအနားကို မဟာသင်္ကြန်ပွဲတော်ကာလအပြီး မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ (ဧပြီ ၁၇ ရက်) တွင် ရွှေတိဂုံစေတီတော်ရှိ ရှေးဟောင်းဗုဒ္ဓတန်ဆောင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရွှေတိဂုံစေတီတော်ကို နေ့စဉ် နံနက် ၅ နာရီမှ ည ၉ နာရီထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

"မဟာသင်္ကြန်ပွဲတော်ကာလအတွင်းမှာ ဥပုသ်ပြု သီလယူသူ ဘုရားဖူးတွေ များပြားတဲ့အတွက် ဘုရားကို ပိတ်ရက်မရှိ ဖွင့်ထားမှာဖြစ်သလို တန်ဆောင်းတွေမှာလဲ ဥပုသ်ပြု သီလယူသူတွေကို ဆရာတော်၊ သံဃာတော်တွေက သီလပေးတဲ့ အစီအစဉ်တွေလဲ ရှိပါမယ်။ ရင်ပြင်တော်ပေါ်မှာလဲ နေ့စဉ် ဘာသာရေး အသင်းအဖွဲ့တွေနဲ့ အလှူရှင်၊ စေတနာရှင်တွေက သင်္ကြန်ကာလမှာ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ကျောက်ကျော စတုဒိသာ ကျွေးမွေးမဲ့ အစီအစဉ်တွေလဲ ရှိပါတယ်။ နှစ်ဆန်းတစ်ရက်နေ့ရောက်ရင်တော့ နှစ်ဆန်းတစ်ရက်နေ့ မနက်မှာ အရုဏ်တက်အချိန်အခါကစလို့ စေတီတော်ရဲ့ ဩဝါဒါစရိယ ဆရာတော်တွေကို အရုဏ်ဆွမ်းကပ်လှူတဲ့ အခမ်းအနားနဲ့ စေတီတော်ရဲ့ရှေးဟောင်း ဗုဒ္ဓတန်ဆောင်းမှာ နှစ်ဦး စတုဒိသာ အလှူပွဲကို ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ဦးတင်ဝက ပြောပြသည်။

လက်ရှိကာလတွင် ဘုရားဖူးပြည်သူများ တစ်စတစ်စ များပြားလာခြင်းကြောင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်မြတ်ကို နံနက် ၅ နာရီမှ ည ၉ နာရီထိ ဘုရားဖူးချိန်ကို တိုးမြှင့်စီစဉ်ပေးထားကြောင်း သိရသည်။ ASH

# ဒစ္စနီးကုမ္ပဏီ၏ Snow White ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ဒေါ်လာ ၈၇ သန်းကျော်ရရှိထား

နယူးယောက် မတ် ၂၅

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Snow White ဇာတ်ကား ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၈၇ သန်းကျော်ထိရှိကြောင်း မတ် ၂၄ ရက်သတင်းများအရ သိရသည်။

ဒစ္စနီးကုမ္ပဏီသည် Snow White ဇာတ်ကားကို မတ် ၂၁ ရက်တွင် အမေရိကန် ဈေးကွက်နှင့် နိုင်ငံတကာ ရုပ်ရှင်ဈေးကွက် ၅၁ ခုတို့တွင်စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန် မတ် ၂၃ ရက်တွင် Snow White ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၃ သန်းထိရှိထားကြောင်း သိရသည်။

Snow White ဇာတ်ကားသည် ဒစ္စနီးကုမ္ပဏီ၏ ကမ္ဘာကျော် Snow White ကာတွန်းရုပ်ရှင်ဇာတ်ကား (၁၉၃၇) ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Snow White ဇာတ်ကားကို ဒါရိုက်တာ မာ့ခ်ဝက်က ရိုက်ကူးပေးထားပြီး ဇာတ်ညွှန်းကို အာရင် ခရက်ဆီဒါဝီဆင်က ရေးသားပေးထားသည်။

၎င်းဇာတ်ကားတွင် မင်းသမီး ရာချယ်ဇီဂလာ၊ ဂဲလ်ဂါးဒေါ့နှင့် မင်းသား အင်ဒရူးဘားနက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ဝါရင့်တေးသံရှင် ခင်မောင်ထူးနှင့် ဘိုဘိုဟန် တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန် ဒဂုံမြို့နယ်ရှိ Yangon International Hotel Sky Bar တွင် ပြုလုပ်မည်




ရန်ကုန် မတ် ၂၅

ဝါရင့်တေးသံရှင် ခင်မောင်ထူးနှင့် ဘိုဘိုဟန်တို့၏ မြူးကြွတမ်းတ ဂီတည တေးဂီတဖျော်ဖြေပွဲကို ရန်ကုန် ဒဂုံမြို့နယ်ရှိ Yangon International Hotel Sky Bar ၌ ဧပြီ ၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ခင်မောင်ထူးထံမှ သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို FRIENDS တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်သည်။

"အစ်ကိုနဲ့ အစ်ကိုကြီး ဘိုဘိုဟန်နဲ့ နှစ်ယောက်တွဲ ဖျော်ဖြေမှုအနေနဲ့ မြူးကြွတမ်းတ ဂီတညလို့ အမည်ပေးထားတဲ့ ဖျော်ဖြေပွဲကတော့ ဧပြီ ၅ ရက် ညမှာ Sky Bar မှာ လုပ်မှာပါ။ သီချင်းတွေက ပရိသတ်ကြိုက်ခဲ့တဲ့ သီချင်းဟောင်း သီချင်းကောင်းတွေပဲ ဆိုဖြစ်မှာပါ။ အစ်ကို ရွေးထားတဲ့ သီချင်းတွေနဲ့ ပရိသတ်တောင်းဆိုမဲ့ သီချင်းတွေ ထပ်တူကျမဲ့ ဂီတညတစ်ည ဖြစ်မှာပါ"ဟု တေးသံရှင် ခင်မောင်ထူးက ပြောပြသည်။

ဝါရင့်တေးသံရှင် ခင်မောင်ထူးနှင့် ဘိုဘိုဟန်တို့၏ မြူးကြွတမ်းတ ဂီတည တေးဂီတဖျော်ဖြေပွဲကို Yangon International Hotel Sky Bar တွင် ညနေ ၆ နာရီ မိနစ် ၃၀ မှ စတင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ASH

# Send a Scare ထိတ်လန့်သည်းဖိုဇာတ်ကား၌ ရော့ဘီအမ်မဲနှင့်ဗစ်တိုရီးယားဂျပ်စတစ်တို့ ပါဝင်မည်

နယူးယောက် မတ် ၂၅

Send a Scare ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသား ရော့ဘီအမ်မဲနှင့် မင်းသမီး ဗစ်တိုရီးယားဂျပ်စတစ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၂၄ ရက် သတင်းများအရ သိရသည်။


Send a Scare ဇာတ်ကားသည် သူငယ်ချင်းမိတ်ဆွေနှင့် မိသားစုဝင်များကို ခြောက်လှန့်နိုင်သည့် နည်းလမ်းများပံ့ပိုးပေးမည့် ထိတ်လန့်သည်းဖိုဝန်ဆောင်မှု ကုမ္ပဏီတစ်ခု ရင်ဆိုင်ရမည့် ချောက်ချားဖွယ် အဖြစ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Send a Scare ဇာတ်ကား၌ ရော့ဘီအမ်မဲနှင့်မင်းသမီး ဗစ်တိုရီးယားဂျပ်စတစ်တို့ ပါဝင်သရုပ်ဆောင်မည့်အပြင် Chronicle ဒါရိုက်တာ ဂျို့ထရန့်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျို့ထရန့် ဇာတ်ညွှန်းရေးဆရာ အင်ဒရူးရိုင်ယန်နှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# မြေစာ ရုပ်ရှင်ဇာတ်ကားကို Red Carpet Show ပြုလုပ်

ရန်ကုန် မတ် ၂၅

နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ မတ် ၂၈ ရက်တွင် ရုံတင်ပြသမည့် မြေစာ ရုပ်ရှင်ဇာတ်ကား Red Carpet Show ကို ရန်ကုန် လှိုင်သာယာမြို့နယ်ရှိ မင်္ဂလာဝဇီရာ အဆင့်မြင့်ရုပ်ရှင်ရုံတွင် မတ် ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါ မြေစာ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် စည်သူဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွမ်းဝေအောင်က ရေးဖွဲ့ထားပြီး ဒါရိုက်တာ နေပိုင်က Shwe Nadi Shwe Yi Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"တကယ်တော့ မြေစာရုပ်ရှင်ဇာတ်ကားမှာ သူရဆိုတဲ့ ကာရိုက်တာနဲ့ တော်တော့်ကို ဆိုးထားတယ်။ တော်တော်ရိုင်းစိုင်းတဲ့ သူပေါ့။ အစ်ကိုအပေါ်မှာ တော်တော်ဆိုးတဲ့သူပေါ့နော်။ ဒီဇာတ်ကားကို ဖတ်ပြီး တအားရိုက်ချင်ခဲ့လို့ကို ရိုက်ခဲ့တာပါ။ ဒီဇာတ်ကားမှာ ကြိုးစားခွင့်ရတယ်။ ကျွန်တော်တို့ ဒီမြောက်ဒဂုံ အမှိုက်ပုံမှာ ကိုမြင့်မြတ် ရိုက်နေတဲ့အချိန် ကြည့်ပြီး တော်တော် သနားမိတယ်။ ကိုမြင့်မြတ် တော်တော်လေးကို ကြိုးစားထားတဲ့ ဇာတ်ကားပါ"လို့ သရုပ်ဆောင်စည်သူဝင်းက ပြောပြသည်။

မြေစာ ရုပ်ရှင်ဇာတ်ကားတွင် ၂၀၂၄ ခုနှစ်အတွက် နှောင် ရုပ်ရှင်ဇာတ်ကားဖြင့် အကယ်ဒမီ သုံးဆု အများဆုံးဆု ဆွတ်ခူးထားသည့် Shwe Nadi Shwe Yi Film Production ၏ ဒုတိယမြောက် ရုံတင်ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး မြင့်မြတ်၊ ဘုန်းမင်းနေလ၊ စည်သူဝင်း၊ သံသာညီ၊ ဆင်မ၊ ထူးခြား၊ ဆန်းယု၊ အေးမြတ်သူနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses SAC meeting


Senior General Min Aung Hlaing addresses the SAC meeting.

**Nay Pyi Taw March 25**

The State Administration Council held a meeting at the State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, Joint SAC Secretary General Ye Win Oo, SAC members, and officials.

**Promotion of cooperation during goodwill visits to Russian Federation and Republic of Belarus**

In his address, the Senior General said at the invitation of President of Russian Federation Vladimir Putin, the Senior General paid a State Visit to the country in the first week of March. During the visit, he also paid a State Visit to the Republic of Belarus at the invitation of its President Alexander Lukashenko.

During the visit, the Senior General met President Mr. Putin at the meeting between two countries and separate meeting, and was able to promote bilateral cooperation between the two countries including economic and defence sectors. Talks also covered matters relating to Myanmar's internal peace, election and efforts to adopt multiparty democracy. The signing of bilateral agreements on economy and investment has proved Russia's willingness for enhancing cooperation with Myanmar. During the meetings with officials of parliaments, discussions were centred on cooperation between the parliaments of the two countries and sending of Myanmar study teams to Russian parliaments. During visits to St. Petersburg and Novosibirsk, the delegation led by the Senior General held talks with the governors on economic cooperation, tourism promotion, and development of cooperation in science and technology, and ongoing efforts to enhance cooperation in space science and technology.

During visit to Belarus, the Senior General held meetings with President Alexander Lukashenko and reached agreements on enhancing cooperation in science and technology, agriculture-based industries, pharmaceutical industries, education sector, dairy production and other sectors. Hence, State Visits to Russia and Belarus were successful.

**Preparations for holding an election**

The government is making preparations to hold a free and fair multiparty democracy general election. Previously, SAC planned to hold the election within two years during its administration. But holding an election during post-Covid-19 period and during the time the nation needed stability was totally impossible. The 2024 population and housing census for obtaining a correct voter list could be enumerated fully in certain townships, but enumeration campaigns could not be carried out in some other townships due to various reasons. The number of eligible U18 voters has been recorded based on enumerated lists. Thus, a provisional date for the election is set on the third week and fourth week of December this year or first week and second week of January. The counting process was based on ballots in the past elections. It is common knowledge that advanced voting, vote printing, issuance of orders and directives and amendments that were against the election law occurred during the previous election and those acts had led to vote rigging and inaccuracies in voter lists. Based on the experiences on those incidents, the government is preparing to apply the Electronic Voting Machine system after studying the elections in other countries. Although the cost of the system is high it is suitable to Myanmar and can prevent vote rigging. The government must take advanced measures to hold a fraud-free multiparty democracy general election that is truly free and fair. The provisions of election law state that to the most possible degree, the election must be held within a day; that it must be held on a public holiday, and that it must be announced in advance. So, there is no specific time limitation for the election. In Myanmar history, during the parliamentary democracy period, the election could not be held only once due to internal armed conflicts. Priority must be given to the successful holding of the election. The Constitution has the provisions in connection with the success of the Pyidaungsu Hluttaw and Amyotha Hluttaw meetings. The same goes to the region/state hluttaws and they are important as they have to elect their own chief minister.

Since the election will be conducted using Electronic Voting Machines (EVMs) in the respective regions and states, voters will be able to cast their votes and receive results within a short period. It is possible to verify and process voter lists within a day or two, and elections can be successfully completed in eligible townships within a month. Regarding advance voting, international practices are being studied and implemented. Some countries do not allow advance voting. Since voting will be conducted via EVMs, voters must cast their ballots in person. Consideration should also be given to ensuring voting rights for Tatmadaw members and police members on duty, as well as Myanmar citizens legally residing abroad. Discussions and consultations are encouraged regarding the issue of advance voting. Regardless of the circumstances, the election should be successfully held by January of the coming year.

Regarding political parties, it was stated that they are allowed to participate in elections in accordance with the law. The issue of parties that were dissolved due to various reasons, including violations of regulations, was thoroughly considered. It was emphasized that their actions were carried out in line with the 2008 Constitution and that the state's responsibilities were being fulfilled accordingly. It was also mentioned that the state's authority is being temporarily exercised in accordance with the law, which is accepted by those who understand legal principles, while those who do not understand or are driven by bias reject it. Those intending to participate in the elections should recognize that the legislature primarily focuses on lawmaking. The legislative power oversees and balances the executive and judiciary through legal enactments. In particular, those engaged in political party activities must have knowledge of the law, and they should carefully consider and prioritize this aspect in their actions.

**To take lessons from potentials prospects for beyond 2025 and political changes of the State**

Regarding the potential prospects beyond 2025, after gaining independence, our country implemented the 1947 Constitution, which was drafted and approved by the Constituent Assembly in 1947. This constitution was influenced by India's constitutional framework and adopted a parliamentary democratic system. That period was the post-World War II era, characterized by the ideological competition between socialism and capitalism. The country also saw divisions among groups that supported socialism, liberalism, and democracy. These historical events serve as important lessons. Therefore, in terms of politics, we have chosen the multi-party democratic path. If democracy is to be genuinely implemented, it is essential for people to have political awareness, knowledge, and expertise. Beyond 2025, political challenges may become even more significant. It is crucial to consider and implement measures to ensure the stability and resilience of the multiparty democratic system. Geopolitically, the country is situated between two major powers with differing ideologies, creating inherent challenges due to its geographical position. As a result, it is necessary to be aware of and prepared for both political and geopolitical challenges.

**Education must be reformed compulsorily**

In this situation, we must actively work towards enriching the knowledge and skills of our citizens. Myanmar has a population of approximately 51 million, with around 30% living in urban areas and about 70% residing in rural areas. When examining literacy and educational attainment rates, the literacy rate is close to 90%, whereas the rate of technical and academic education attainment is below 50% of the total population. If a nation is built with a population that lacks education and technical skills, it will inevitably face many challenges. Individuals who have attended and grown up in the "National Discipline-Based Schools" may develop different attitudes, discipline, and social interaction skills compared to those who have not. Furthermore, in the future, the level of education among the population will have a direct impact on the country's political stability. Therefore, everybody must not neglect those who have had limited access to formal education. Instead, people should promote non-formal education and

See Page 13

*From Page 12*

knowledge-seeking initiatives by establishing community libraries, supporting library operations, and organizing reading circles. These efforts will help strengthen lifelong learning opportunities outside of the classroom.

From 2012 to 2024, the average university entrance exam pass rate was approximately 35%, meaning around 65% of students did not pass. Therefore, it is necessary to consider how to support those who were unsuccessful. In response to the need for skilled human resources in Myanmar, discussions were held with relevant ministries. As a result, Polytechnic Universities were established in Nay Pyi Taw and various states and regions. Additionally, government technical colleges, industrial training centres, and technical high schools were also opened. Furthermore, efforts are being made to establish Polytechnic Institutes for students who have completed upper secondary education but did not pass the final exams. The first Polytechnic Institute will be opened in Nay Pyi Taw, followed by similar institutes in other states and regions. In the coming academic year, one-year and multi-year training programmes will be introduced at Polytechnic Institutes for students who did not pass the university entrance exam. Necessary preparations, such as appointing teachers and providing teaching materials, are currently underway.

Regarding education, the Senior General stated, “This is about explaining the country’s situation after 2025 in terms of education and human resources. The education sector requires urgent reform. It is true that our education system is weak, and its shortcomings affect everything. Therefore, we must make necessary changes. Parents should encourage education, refrain from interfering, and guide their children on the path of learning. By doing so, they can contribute to national development and help achieve the aspirations we are striving for, including their children’s future as human resources”.”

He noted that over 220,000 students took the university entrance exam for the 2024-2025 academic year, marking the highest number since the 2021-2022 academic year. He stated that he will continue efforts to increase exam participation in the coming years and emphasized that he has frequently spoken about the importance of education while working to improve academic performance. He expressed his appreciation and gratitude to all administrative officials, security personnel, teachers, students, and local, village, and ward authorities, including the Ministry of Education, for their efforts in successfully conducting the university entrance examination without any disruptions.

**Enhancing Domestic Production to Meet Market Demand and Strengthen the Economy**

Regarding the economy, the country has abundant resources that can support economic development, but there has been difficulty in achieving success. If rubber and rubber products, which are in demand in the region, can be exported using locally produced rubber-based raw materials and transformed into high-quality finished products, it will bring significant benefits to the country. For example, surrounding the country, China has a population of over 1.42 billion, India has over 1.46 billion, ASEAN countries have more than 687 million, and Bangladesh has a population exceeding 173 million, collectively accounting for nearly half of the world's population. Everyone wears shoes, so it's possible to estimate the amount of rubber and leather required for shoe production. Similarly, there are approximately 1 million various types of automobiles and 5 million motorcycles in the country, with even larger numbers in India, China, and Bangladesh. These vehicles require a significant amount of tires and rubber tubes, which can be produced through both domestic and foreign investment.

Regarding clothing and textiles, as a cotton-producing country, efforts should be made to increase the production of textiles, which are in high demand in the market. Efforts must be made to develop cotton-based industries, and high-value clothing should be produced from leather sourced from livestock farming. Regarding aquatic resources, there is significant market demand, creating a need to increase production and export. Other agricultural and farming products must also be systematically cultivated to meet local market demands and ensure adequate domestic consumption. Efforts must also be made to export agricultural and farming products based on the market needs of neighboring countries. Similarly, the state is incurring losses, and income is being affected due to the failure to meet target yields and the potential of multiple cropping systems. Therefore, opportunities for employment must be created to enable people to work. SAC members must also work to raise awareness widely in their respective regions and states. He stated that he had calculated the damage caused by the failure to realize the goals and objectives in the agricultural sector alone. The target for 10 types of crops, including rice, beans, and corn, has not been met with the current crop acreage, resulting in a loss of over 8 billion US dollars to the country. When including losses due to the absence of multiple cropping, the total loss is approximately 19 billion US dollars.

Regarding the issue of working abroad, he stated that the country is facing a shortage of workers due to people going abroad for employment. Therefore, there is a need to create local job opportunities. He also urged people to work locally instead of going abroad, emphasizing that there are opportunities for growth and development within local workplaces, where they can have a secure life. To enable local employment, access to technologies, job opportunities, industrial technologies, and other necessary resources must be provided.

The Senior General emphasized the importance of addressing the need for raw materials, noting that crops such as rice, beans, and corn are currently exported in raw form. By converting raw corn into value-added products like animal feed and corn flour, the country could generate higher income. Similarly, processing rice and beans into high-quality finished products would allow for better export prices. As the global population continues to grow, the demand for food is increasing daily, presenting an opportunity for the country to thrive through agriculture. Therefore, a systematic review and decisive action are necessary to strengthen the agricultural sector.

Council members engaged in discussions and delivered their respective presentations.

The council members and the joint secretary emphasized the need to ensure a free and fair multi-party democratic general election under their government. They called for the re-registration of existing political parties and the registration of new parties in accordance with the law, with adequate time, education, and information provided. Stressing that no person or organization should be above the law, they urged that all processes must strictly follow legal guidelines. Efforts were also encouraged to raise public awareness about the upcoming election system, voting methods, and voter eligibility. Additionally, they highlighted the importance of eliminating armed terrorist activities in Kayah State and rebuilding low-cost housing for those whose homes were damaged by terrorist attacks. To ensure the success of the election, ward and village administrators were urged to maintain high discipline. In Chin State, expanding the cultivation of elephant foot yams and establishing a factory to produce finished products were proposed to support the socio-economic development of local communities. The importance of adhering to specified qualifications for advance voting and conducting it in an orderly manner was also stressed, as issues had arisen in previous elections. Furthermore, holding the Myanmar traditional Thingyan festival at the national level, following its inclusion in the World Intangible Cultural Heritage List, and promoting Myanmar Thanaka for inclusion in the same list were identified as national-level initiatives.

The Vice Chairman of the State Administration Council and Deputy Prime Minister emphasized the importance of preparing and verifying accurate voter lists to ensure the credibility of the upcoming election. The SAC Vice Chairman stated that all political parties must compete in accordance with the law and reiterated that no one is above the law, with party registration processes needing to follow legal guidelines. The SAC Vice Chairman also highlighted the SAC's ongoing efforts to improve the country and stressed that the recruitment of civilians for military service must be conducted lawfully.

In his concluding remarks, the Chairman of the State Administration Council, the Prime Minister mentioned the possibility of combining the Proportional Representation (PR) system with the First Past The Post (FPTP) system previously used in elections for the National and Regional Hluttaws. The SAC Chairman stated that a comprehensive nationwide awareness campaign would be conducted if there was consensus on implementing this system. With about nine months remaining to prepare for the election, the SAC Chairman emphasized the need for thorough preparations. Advance voting must be conducted in a way that does not affect the overall election process, ensuring that all eligible voters have the opportunity to vote. Additionally, sufficient time has been allocated for political parties to complete their registration.

The meeting was reportedly adjourned with an emphasis on the need to raise the morale of the Myanmar people. It was highlighted that the development of a region is the responsibility of its residents, and similarly, the progress of Myanmar rests in the hands of its citizens. Everyone living in Myanmar shares the duty of enhancing the nation's value. In this context, ensuring security during the election preparation period was stressed as a priority. Unity among all Myanmar people is essential to strengthen and uplift the country. 100

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ဒရုန်းများနှင့် မြေပြင်ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် AN/TPQ-53 ရေဒါကိုအသုံးပြုနိုင်ခဲ့



အမေရိကန်ကုမ္ပဏီ Lockheed Martin သည် ဒရုန်းများနှင့် မြေပြင်ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် AN/TPQ-53 ဘက်စုံသုံးရေဒါ (MMR)ကို ပူးတွဲအထူးစစ်ဆင်ရေးတပ်ဖွဲ့-တောင်ပိုင်းနယ်စပ်ဒေသ(JTF-SB)ကွပ်ကဲမှုစနစ်များနှင့် အောင်မြင်စွာ ပေါင်းစည်းအသုံးပြုနိုင်ခဲ့ကြောင်း မတ် ၁၉ရက် ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ဤသို့ ပေါင်းစပ်အသုံးပြုနိုင်မှုသည် အမေရိကန်နိုင်ငံတောင်ပိုင်း နယ်စပ်ကို လုံခြုံစေမည့် ရည်မှန်းချက်တာဝန်ထမ်းဆောင်မှုတွင် အဓိကကျသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်လည်းဖြစ်ပြီး ဝေဟင်နှင့် မြေပြင်ခြိမ်းခြောက်မှုများအပေါ် အခြေအနေ အရပ်ရပ်ဆိုင်ရာ ကြိုတင်သိရှိနိုင်မှုနှင့် တုံ့ပြန်နိုင်မှုစွမ်းရည်များကို သိသိသာသာတိုးတက်ကောင်းမွန်စေခြင်းဖြင့် အမေရိကန်နိုင်ငံ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (USNORTHCOM) ၏ စစ်ဆင်ရေးလိုအပ်ချက်များကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

AN/TPQ-53 ရေဒါစနစ်သည် Q-53 ဟုလည်းရည်ညွှန်းခေါ်ဝေါ်ကြပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာ အမေရိကန်ကြည်းတပ် တပ်ဖွဲ့များကို ကာကွယ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် တိုက်ပွဲဝင်လက်တွေ့ သက်သေပြထားသော Solid-State phased array ရေဒါတစ်ခုဖြစ်သည်။ မော်တာများ၊ ဒုံးကျည်များနှင့် အမြောက်များကဲ့သို့သော ရန်သူကိုခွဲခြားသိမြင်နိုင်စေရန်၊ အမျိုးအစားခွဲရန်၊ ခြေရာခံထိန်းကျောင်းရန်နှင့် ရှာဖွေထောက်လှမ်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် Q-53 ရေဒါစနစ်သည် ညွှန်းရပ် ၃၆၀ ဒီဂရီ၊ မြင်ထောင့် ၉၀ ဒီဂရီ လွှမ်းခြုံနိုင်သော လိုက်လျောညီထွေရှိသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သက်တမ်းရင့် AN/TPQ-36 နှင့် AN/TPQ-37 ရေဒါများကို အစားထိုးရန် အစပိုင်းတွင် တီထွင်ခဲ့သော Q-53 ရေဒါစနစ်သည် ပိုမိုကောင်းမွန်သောရွှေ့လျားစစ်ကစားနိုင်မှု၊ ပိုမိုယုံကြည်စိတ်ချရမှု၊ တပ်ဖွဲ့ဝင်အင်အား လိုအပ်ချက်လျှော့ချနိုင်မှုနှင့် လုပ်ငန်းလည်ပတ်မှုစရိတ်စကများကို လျှော့ချပေးနိုင်သည်။

Q-53 ရေဒါစနစ်စွမ်းဆောင်နိုင်ရည်၏ အဓိကအချက်မှာတိကျမှုနှင့် လွှမ်းခြုံမှုကို မြှင့်တင်ပေးနိုင်ရုံသာမက ဘက်စုံသုံးနိုင်ရန် ပံ့ပိုးပေးသည့် အဆင့်မြင့် Active Electronically Scanned Array (AESA) နည်းပညာအသုံးပြုထားသည်။ ရေဒါသည် မောင်းသူမဲ့လေယာဉ်စနစ်(UAS)များကို ထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းအပါအဝင် တိုက်ပွဲဝင်ထိန်းကျောင်းလုပ်ဆောင်မှု စစ်ဆင်ရေးများနှင့်အတူ လေကြောင်းစောင့်ကြည့် ထောက်လှမ်းခြင်းစွမ်းရည်ကို သရုပ်ပြသနိုင်ခဲ့သည်။ ၎င်းအချက်သည် Q-53 ရေဒါကို အနိမ့်ပျံဒရုန်းများ၊ လေယာဉ်ငယ်များနှင့် ခွင့်ပြုချက်မရှိဘဲမြေပြင်မှ ကျူးကျော်ဝင်ရောက်မှုများအပါအဝင် အမေရိကန်တောင်ပိုင်းနယ်စပ်ရှိ မတူကွဲပြားသော လုံခြုံရေးခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အကောင်းဆုံးအသုံးပြုနိုင်စေမည်ဖြစ်သည်။

ပူးတွဲအထူးစစ်ဆင်ရေးတပ်ဖွဲ့-တောင်ပိုင်းနယ်စပ်ဒေသ (JTF-SB) ကွပ်ကဲမှုစနစ်နှင့် ပေါင်းစည်းအသုံးပြုနိုင်မှုသည် Northern Strike နှင့် Desert Guardian 1.0 ကဲ့သို့သော အဓိကကျသည့် စစ်ရေးလေ့ကျင့်မှုများအတွင်း အောင်မြင်သောစစ်ဆင်ရေးဆိုင်ရာ လက်တွေ့သရုပ်ပြမှုများကြောင့် လုပ်ဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

**AN/TPQ-53 Radar Deployed to US Southern Border to Counter Drones and Ground Threats with 360° Surveillance** ကို ဘာသာပြန်ဆိုထားပါသည်။

## ရုရှားက Su-57E တိုက်လေယာဉ်ထုတ်လုပ်မှုဖြင့် ကမ္ဘာ့လက်နက်ဈေးကွက်တွင် အရေးပါသောလုပ်ဆောင်ချက်ကို ပြုလုပ်နိုင်ခဲ့

ရုရှားနိုင်ငံသည် ယခုနှစ် မတ်လလယ်တွင် ၎င်း၏ပဉ္စမမျိုးဆက် Su-57 ကိုယ်ပျောက်တိုက်လေယာဉ်၏ ပြည်ပတင်ပို့ရေးဗားရှင်း Su-57E ကို ထုတ်လုပ်နိုင်ခဲ့မှုဖြင့် ကမ္ဘာ့လက်နက်ဈေးကွက်တွင် အရေးပါသော လုပ်ဆောင်ချက်တစ်ရပ်ကို ပြုလုပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ TASSသတင်းဌာန၏ဖော်ပြချက်အရ အနောက်အုပ်စု၏ လေကြောင်းစိုးမိုးမှုကို ယှဉ်ပြိုင်ရန်နှင့် နိုင်ငံတကာလက်နက်ကုန်သွယ်ရေး ဈေးကွက်တွင် ဩဇာလွှမ်းမိုးမှုတိုးချဲ့ရန် ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် Su-57E တိုက်လေယာဉ်ကို ဝယ်ယူမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီး ပထမဆုံး နိုင်ငံခြားဖောက်သည်နိုင်ငံဖြစ်လာခဲ့သည်။ ဤဝယ်ယူမှုသည် Su-57E ကို နိုင်ငံတကာတိုက်လေယာဉ်ဈေးကွက်တွင် စတင်ရောက်ရှိစေခဲ့ပြီး ရုရှားနိုင်ငံ၏ လေကြောင်းနည်းပညာ တင်ပို့ရောင်းချမှုအတွက် အဆင့်သစ်တစ်ခုသို့ အစပျိုးလိုက်ခြင်းဖြစ်သည်။

Su-57E တွင် Sh121 Byelka AESA ရေဒါစနစ်တပ်ဆင်ထားပြီး ယခင်က Su-35BM တွင်သုံးစွဲခဲ့သော Irbis-E ရေဒါစနစ်ထက် ပိုမိုကောင်းမွန်သည့် ပစ်မှတ်ထောက်လှမ်းနိုင်စွမ်းနှင့် လေကြောင်းအခြေအနေ သိမြင်နိုင်စွမ်းတို့ ပိုင်ဆိုင်ထားသည်။ ရုရှားနိုင်ငံ လေတပ်သုံး Su-57 ဗားရှင်းတွင် တပ်ဆင်အသုံးပြုထားသော AI နည်းပညာသုံး အီလက်ထရွန်နစ်စနစ်များကို ပြည်ပတင်ပို့ရောင်းချမည့် Su-57E ဗားရှင်းတွင် တပ်ဆင်ထားမည်မဟုတ်ကြောင်း အတည်ပြုပြောကြားထားသည်။ သို့သော်လည်း Su-57E တွင် တိုက်ပွဲဝင်စွမ်းဆောင်ရည်မြှင့်တင်ရန် အဆင့်မြင့်လေယာဉ်မှူးအကူစနစ်များ ပါဝင်နိုင်ဖွယ်ရှိသည်ဟု တွက်ချက်ခန့်မှန်းထားကြကြောင်း သိရသည်။



တိုက်လေယာဉ်သည် ဟိုက်ပါဆောနစ်ဒုံးကျည်များ၊ Kh-69 ခရုဇ်ဒုံးကျည်၊ R-77၊ Kh-31 ဒုံးကျည်များ အပါအဝင် မျိုးဆက်သစ် လက်နက်ခဲယမ်းများကို သယ်ဆောင် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဤသို့သော လက်နက်တပ်ဆင်နိုင်စွမ်းများနှင့် ရန်သူ့ရေဒါထောက်လှမ်းခံရနိုင်ရန် အခွင့်အလမ်းနည်းပါးမှုတို့ ပေါင်းစပ်အသုံးပြုထားခြင်းဖြင့် Su-57E သည် ပြိုင်ဆိုင်မှု ပြင်းထန်သောလေကြောင်းစစ်ဆင်ရေးများတွင် နက်ရှိုင်းစွာထိုးဖောက်တိုက်ပွဲဝင်နိုင်စွမ်း ရှိစေမည်ဖြစ်ကြောင်း သိရသည်။

Su-57E နှင့် ရုရှားလေတပ်သုံးSu-57 တို့တွင် ကွာခြားချက်များရှိပြီး အဓိကအားဖြင့် ကုန်ကျစရိတ်၊ စွမ်းဆောင်ရည်များ၊ အသုံးပြုပစ္စည်းများနှင့် ရရှိနိုင်သောလက်နက်စနစ်များတွင် ကွဲပြားခြားနားမှုရှိသည်။ Su-57E ကို ဈေးနှုန်းသက်သာစွာဖြင့် ထုတ်ဖော်ပြသမည်ဖြစ်ပြီး နိုင်ငံတကာ ဝယ်လက်များ၏ လိုအပ်ချက်များနှင့်ကိုက်ညီအောင် ပြုပြင်မွမ်းမံထားသည်။ Su-57E ကိုဝယ်ယူရန် အထူးသဖြင့် ၎င်းတို့၏ လေယာဉ်အုပ်များကို အမျိုးစုံအသုံးပြုလိုပြီး အနောက်အုပ်စုထုတ်လုပ်သူများအပေါ် မှီခိုမှုလျှော့ချလိုသောနိုင်ငံများက စိတ်ဝင်စားလာနိုင်သည်။ သို့ရာတွင် Su-57 တိုက်လေယာဉ်များကို ရုရှားလေတပ်တွင်ပင် အကန့်အသတ်ဖြင့်သာ အသုံးပြုနေရဆဲဖြစ်သည့်အတွက် Su-57E ပြင်ပတင်ပို့မှုဗားရှင်းကို ထုတ်လုပ်ရောင်းချခြင်းသည် ရုရှားကိုယ်ပိုင်လေတပ်၏ လိုအပ်ချက်များဖြည့်ဆည်းခြင်းတွင် ထိခိုက်နိုင်ခြေရှိ၊ မရှိ စိုးရိမ်မှုများရှိနေသည်။

Su-57 ၏ ပြည်ပတင်ပို့မှုဗားရှင်း Su-57E ကိုမိတ်ဆက်ခြင်းဖြင့် ရုရှားအနေဖြင့် မဟာဗျူဟာမြောက် အကျိုးကျေးဇူးများစွာ ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ စီးပွားရေးအရ လက်နက်ရောင်းဝယ်မှုများသည် အရေးပါသောဝင်ငွေရင်းမြစ်ဖြစ်ပြီး ကမ္ဘာ့ကာကွယ်ရေးဈေးကွက်တွင် ၎င်း၏ အခန်းကဏ္ဍကို ခိုင်မာအားကောင်းစေနိုင်ကြောင်း သိရသည်။

**Russia's Su-57E Fighter : Redefining Global Arms Trade** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ရွှေဘိုမြို့နယ်တွင် ကြက်သွန်နီ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၄၄၇၈ ဒသမ ၉၃ ပိဿာထွက်ရှိ



**ရွှေဘို မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ရာနှုန်းပြည့်ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၃၄၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၄၇၈ ဒသမ ၉၃ ပိဿာထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၂၃၄၅ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ ဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကြက်သွန်နီစိုက် တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်တွင် ပီလောပီနံဥများအရောင်းအဝယ် ကောင်းမွန်နေ

**ငပုတော မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ငပုတော မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် မတ်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက် ပီလောပီနံဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပီလောပီနံဥတွေ အခုလ ဒုတိယပတ်လောက်က နေပြီး သိသိသာသာ အရောင်းအဝယ် ကောင်းနေပါတယ်။ အခုလို ပီလောပီနံဥတွေ အရောင်းအဝယ် ကောင်းမွန်နေတော့ တောင်သူတွေဈေးကောင်းရသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ ပီလောပီနံဥတွေက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ" ဟု ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။



ငပုတောမြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ပီလောပီနံဥများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက်စိုက်ပျိုးသူများ၊ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် သာလွန်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာလွန်ကွင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၄ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်မီမီထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်မီမီထွေး၊ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် ခရိုင်၊ မြို့နယ်မှတာဝန်ရှိသူများက ကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက ကုန်ထုတ်လမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားသည်။

သာလွန်ကွင်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်သုံးပေ၊ ကိုးလက်မရှိ ကျေးလက် ကုန်ထုတ်လမ်းသည် မြေဂဝံလမ်းဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် သန်း ၁၄၀ ဖြင့် Perfect Mother ကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လတတိယပတ်က စတင်တာဝန်ယူဖောက်လုပ်ခဲ့ရာ လက်ရှိတွင်လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် သာလွန်ကွင်းကျေးရွာရှိ လယ်ဧက ၄၀၀ ကျော်မှ ထွက်ရှိသည့် ဒေသထွက်ကုန်များကို ဈေးကွက်သို့လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်ထံမှ သိရသည်။

ကိုသက်




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၃-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၁၅၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်လိုသည့်စိတ်ရှိသည်ကို တွေ့မြင်သိရှိခဲ့ရကြောင်း၊ အလားတူလွှတ်တော်များမှ တာဝန်ရှိသူများနှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်များသို့ မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များစေလွှတ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့များသို့လည်း ရောက်ရှိခဲ့ပြီး ဒေသအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားကဏ္ဍတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရေးကဏ္ဍများကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာကာသသိပ္ပံဆိုင်ရာနည်းပညာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်စဉ်ကာလအတွင်း သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာများ၊ ဆေးနှင့်ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီချက်များ ရရှိခဲ့ကြောင်း၊ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။

## ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ယခင်က မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူချိန် နှစ်နှစ်တာကာလအတွင်း ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ အလွန်ကာလဖြစ်ခြင်းနှင့် ရွေးကောက်ပွဲကျင်းပရန် တည်ငြိမ်မှုလိုအပ်နေသည့်အချိန်ဖြစ်ခြင်းကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာရရှိရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကိုဆောင်ရွက်ခဲ့ပြီး ရာနှုန်းပြည့်ကောက်ယူရရှိသည့် မြို့နယ်များရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန်ကျန်ရှိသည့် မြို့နယ်များလည်းရှိနေသေးကြောင်း၊ ကောက်ယူရရှိသည့်စာရင်းများအပေါ်မူတည်၍ ဆန္ဒမဲပေးနိုင်သည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းကိုကောက်ယူရရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် **ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလ တတိယပတ်နှင့် စတုတ္ထပတ်၊ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တို့အတွင်း ကျင်းပပြုလုပ်ရန်လျာထား**ကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် မဲလက်မှတ်များကို အသုံးပြု၍ကောက်ယူခဲ့ပြီး ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲလက်မှတ်များအသုံးပြု၍ ရွေးကောက်ပွဲဥပဒေနှင့် မညီညွတ်သော ကြိုတင်မဲပေးမှုများ၊ မဲလက်မှတ်ရိုက်နှိပ်မှုများ၊ ဥပဒေနှင့်မညီသော အမိန့်နှင့်ညွှန်ကြားချက်များ၊ ပြင်ဆင်မှုများကိုပြုလုပ်ခဲ့ခြင်းကြောင့် မဲမသမာမှုများနှင့် မဲစာရင်းများ မှားယွင်းမှုများဖြစ်ပေါ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ အဆိုပါတွေ့ကြုံခဲ့ရသည့် အတွေ့အကြုံအရ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ရွေးကောက်ပွဲကျင်းပမှုများကိုလေ့လာ၍ ငွေကြေးကုန်ကျမှုများသော်လည်း မိမိတို့နိုင်ငံနှင့် ကိုက်ညီပြီး မဲမသမာမှုပြုလုပ်ရန်မလွယ်ကူသည့်စနစ်ဖြစ်သော Electronic Voting Machine စနစ်ဖြင့် ဆန္ဒမဲပေးရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ မိမိတို့ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတပြီး မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေ၌ ရွေးကောက်ပွဲအား ဖြစ်နိုင်သရွေ့တစ်နေ့တည်း ကျင်းပရန်၊ အများပြည်သူရုံးပိတ်ရက်တွင် ပြုလုပ်ရန်၊ ကြိုတင်ကြေညာရန် ပြဋ္ဌာန်းပါရှိကြောင်း၊ ထို့ကြောင့်ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ရက်အကန့်အသတ် ပြုလုပ်ထားခြင်းမရှိဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသမိုင်း၌ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ရွေးကောက်ပွဲအား တစ်ကြိမ်တည်းကျင်းပခဲ့ခြင်းမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲ အထမြောက်သည့်အဆင့်ကို ဦးစားပေးပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်များ ကျင်းပရာတွင် အစည်းအဝေးအထမြောက်ခြင်းနှင့် ပတ်သက်၍ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များနှင့် ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည် ဝန်ကြီးချုပ်များကို ရွေးချယ်ခန့်အပ်ရခြင်းဖြစ်သဖြင့် အရေးကြီးကြောင်း။

သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Electronic Voting Machine များဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် အချိန်တိုအတွင်း ဆန္ဒမဲပေးနိုင်ခြင်းနှင့် မဲရလဒ်ရရှိခြင်းများရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်ရက်နှစ်ရက်အတွင်း မဲစာရင်းအား အတည်ပြုဆောင်ရွက်နိုင်ကြောင်း၊ တစ်လအတွင်း ရွေးကောက်ပွဲပြုလုပ်၍ရသည့် မြို့နယ်များတွင် ရွေးကောက်ပွဲပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ ကြိုတင်မဲကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာကဆောင်ရွက်နေမှုများကိုလေ့လာဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံများတွင်ကြိုတင်မဲပေးခြင်းများကို ခွင့်မပြုထားကြောင်း၊ Electronic Voting Machine ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်သဖြင့် ကိုယ်တိုင်မဲပေးရန်လိုအပ်ကြောင်း၊လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ပသို့ တရားဝင်သွားရောက်လျက်ရှိသည့် ပြည်သူများ၏ ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ကြိုတင်မဲပေးခွင့်နှင့်ပတ်သက်၍ အားလုံးဝိုင်းဝန်းစဉ်းစားဆွေးနွေးကြစေလိုကြောင်း၊ မည်သို့ပင်ဖြစ်စေ လာမည့်နှစ် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးရန်လိုကြောင်း။

နိုင်ငံရေးပါတီများနှင့် ပတ်သက်၍လည်း ရွေးကောက်ပွဲဝင်ရောက်နိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုပေးထားကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းသတ်မှတ်ချက်များ ကျော်လွန်သွားသဖြင့် ပယ်ဖျက်ခဲ့ရသည့် ပါတီများကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်များကိုထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏အာဏာကို ဥပဒေအရ ခေတ္တထိန်းသိမ်း ဆောင်ရွက်နေခြင်းဖြစ်သည်ကို ဥပဒေကို နားလည်သူများက လက်ခံကြပြီး နားမလည်သူများ၊ အာဃာတတရားထားသူများက ငြင်းပယ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်ကြမည့်သူများအနေဖြင့် သိရမည်မှာ လွှတ်တော်ဟူသည် ဥပဒေပြုရေးကို ဦးစားပေးခြင်းပင်ဖြစ်ကြောင်း၊ ဥပဒေပြုရေးအာဏာအနေဖြင့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ဥပဒေပြဋ္ဌာန်း၍ တစ်ခုနှင့်တစ်ခုအပြန်အလှန်ထိန်းကျောင်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်မည့်သူများအနေဖြင့် ဥပဒေကိုသိရှိရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ယင်းအချက်ကိုအလေးထားစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## ၂၀၂၅ အလွန်ဖြစ်ပေါ်လာနိုင်မည့် အလားအလာများနှင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် သင်ခန်းစာယူဆောင်ရွက်နိုင်ရန်

၂၀၂၅ အလွန်ဖြစ်ပေါ်လာနိုင်မည့် အလားအလာများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)ကို ကျင့်သုံးခဲ့ကြောင်း၊ ယင်းဥပဒေကိုရေးဆွဲချိန်၌ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မှီငြမ်း၍ လေ့လာရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကိုသွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်သည် ဒုတိယကမ္ဘာစစ်အလွန်ကာလဖြစ်ပြီး ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ အားပြိုင်ခဲ့မှုများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဆိုရှယ်လစ်စနစ်ကို လက်ခံသည့်အုပ်စု၊ လစ်ဘရယ်အယူဝါဒပိုင်းကို လက်ခံသည့်အုပ်စုနှင့် ဒီမိုကရေစီကိုသွားမည့်အုပ်စုဟူ၍ သုံးဖွဲ့ပြန်ကွဲသွားခဲ့ကြောင်း၊ သမိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် သင်ခန်းစာများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **နိုင်ငံရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီစနစ်ကို အမှန်တကယ်လျှောက်လှမ်းမည်ဆိုပါက နိုင်ငံရေးအကြောင်းကို သိရှိနားလည်သူများဖြစ်ရန်လိုအပ်ပြီး အသိပညာ၊ အတတ်ပညာပေါ်ကြွယ်ဝရန် လိုအပ်မည်ဖြစ်**ကြောင်း။

၂၀၂၅ အလွန်တွင်နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုများဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေရခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိနေရမည်ဖြစ်ကြောင်း။

## ပညာရေးနှင့်ပတ်သက်၍ မဖြစ်မနေပြုပြင်ပြောင်းလဲရမည်

ယင်းအနေအထားတွင် မိမိတို့အနေဖြင့်

**ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလ တတိယပတ်နှင့် စတုတ္ထပတ်၊ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တို့အတွင်း ကျင်းပပြုလုပ်ရန်လျာထား . . .**

**နိုင်ငံရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီစနစ်ကို အမှန်တကယ်လျှောက်လှမ်းမည်ဆိုပါက နိုင်ငံရေးအကြောင်းကို သိရှိနားလည်သူများဖြစ်ရန်လိုအပ်ပြီး အသိပညာ၊ အတတ်ပညာ ပေါ်ကြွယ်ဝရန် လိုအပ်မည်ဖြစ် . . .**

**ဒေသတွင်း၌ ဈေးကွက်လိုအပ်ချက်ရှိသည့် ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများ အသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ် . . .**

**အခြားစိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုဖူလုံအောင် ဒေသအလိုက် ဈေးကွက်လိုအပ်ချက်များကို စနစ်တကျတွက်ချက်မွေးမြူဆောင်ရွက်သွားရန်လို၊ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်များအလိုက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ် . . .**

နိုင်ငံသူ၊ နိုင်ငံသားများ၏အသိပညာ၊အတတ်ပညာပေါကြွယ်ဝရေးကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁ သန်းခန့်ရှိပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြနေသူများဖြစ်ကာ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ကြောင်း၊ စာတတ်မြောက်ခြင်းနှင့် ပညာတတ်မြောက်ခြင်းရာခိုင်နှုန်းကို ခွဲကြည့်မည်ဆိုပါက စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အတတ်ပညာ၊ အတန်းပညာတတ်မြောက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက်နည်းပါးသည်ကို တွေ့ရကြောင်း၊ ပညာရေးအရ၊ အတတ်ပညာအရ အားနည်းသူများဖြင့် နိုင်ငံတော်ကို တည်ဆောက်မည်ဆိုပါက စိန်ခေါ်မှုများစွာကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”ဖြစ်ပြီး ကျောင်းတက်ရောက်၍ ကြီးပြင်းခဲ့သူများနှင့် တက်ရောက်ခြင်းမရှိဘဲ ကြီးပြင်းခဲ့သူများသည် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများ၊ လူမှုပေါင်းသင်းဆက်ဆံမှုများတွင် ကွာခြားသွားနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပ ပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်း စသည့်ကျောင်းပြင်ပ ပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်ချက်ရာခိုင်နှုန်းကိုကြည့်ပါက ပျမ်းမျှ ၃၅ ရာခိုင်နှုန်းခန့်သာအောင်မြင်သူရှိပြီး ၆၅ရာခိုင်နှုန်းခန့်သည်အောင်မြင်မှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းတို့အတွက်လည်း မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားပေးရန်လိုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး Polytechnic University များကိုနေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖွင့်လှစ်ပေးခြင်း၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် လာမည့်နှစ်အတွင်း အခြေခံပညာအထက်တန်းထိ ပညာသင်ကြားခဲ့သော်လည်း အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်မှုမရှိသည့် ကျောင်းသား၊ကျောင်းသူများအတွက် Polytechnic Institute များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေကြောင်း၊ ပထမဆုံးအနေဖြင့် နေပြည်တော်၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမရှိသေးသူများတက်ရောက်နိုင်မည့် Polytechnic Institute တစ်နှစ်သင်တန်းမှစ၍ နှစ်အလိုက်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန် လိုကြောင်း၊ သင်ကြားပေးမည့် ဆရာ၊ ဆရာမများခန့်အပ်ရေးသင်ထောက်ကူပစ္စည်းများဖြည့်တင်းရေးကိုလည်း ပြင်ဆင်ဆောင်ရွက်နေကြောင်း။

ထို့နောက် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင်“**ဒါကတော့ပညာရေးနဲ့ဆက်စပ်ပြီးတော့ လူသားအရင်းအမြစ်နဲ့ပတ်သက်ပြီး တော့နိုင်ငံရဲ့၂၀၂၅အလွန်မှာဖြစ်လာနိုင်မယ့် အခြေအနေကိုရှင်းပြခြင်းပဲဖြစ်ပါတယ်။ဒါကပညာရေးအပိုင်းပေ့ါ။မဖြစ်မနေကိုပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ပညာရေးအားနည်းတာလည်း မှန်ပါတယ်။ ပညာရေးအားနည်းတဲ့အတွက်ကြောင့် အစစအရာရာထိခိုက်စေတာကိုလည်းငြင်းလို့မရပါဘူး။ ဒါကြောင့်ကျွန်တော်တို့ကပညာရေးနဲ့ပတ်သက်ပြီးပြုပြင်ပြောင်းလဲမှုရှိဖို့လိုပါတယ်။ ပြုပြင်ဖို့လိုပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့လည်း ပညာရေးကိုအားပေးကြဖို့၊ ပညာရေး၊ သင်ကြားရေးနဲ့ပတ်သက်လာရင် အနှောင့်အယှက်မပေးကြဖို့၊ကလေးတွေကိုပညာရေးလမ်းကြောင်းပေါ်မှာတင်ပြီးတော့မှ နိုင်ငံရဲ့တည်ဆောက်ရေး၊ ကျွန်တော်တို့သွားနေတဲ့ မျှော်မှန်းချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက်လူသားအရင်းအမြစ်တွေအနေနဲ့ကိုယ့်ကလေးတွေ ပါအောင်လို့ လုပ်ပေးကြဖို့လိုတယ်ဆိုတာလေး ကျွန်တော်ပြောချင်ပါတယ်**”ဟု ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းဆွေးနွေးစဉ်။

ဆက်လက်ပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ နှစ်သိန်းနှစ်သောင်းကျော်ရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှ ယခုနှစ်ထိ အများဆုံးဖြေဆိုသည့်နှစ်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် ဖြေဆိုမှုနှုန်းမြင့်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေး၏အရေးကြီးမှုကို မိမိမကြာခဏပြောကြားခဲ့ပြီး ပညာရည်မြှင့်တင်မှုများဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို ယခုကဲ့သို့ အနှောင့်အယှက်ကင်းကင်း အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့မှုအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ နယ်မြေဒေသ၊ ကျေးရွာ၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများအားလုံး၏ ဆောင်ရွက်ချက်များကို အလေးထား အသိအမှတ်ပြုကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

## ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်တွင်းထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်၍ စီးပွားရေးအားပေးမြှင့်တင်ရမည်

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်မည့် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း အောင်မြင်အောင်လုပ်ဆောင်နိုင်ရန် အားနည်းလျက်ရှိကြောင်း၊ **ဒေသတွင်း၌ ဈေးကွက်လိုအပ်ချက်ရှိသည့် ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများ အသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာ အကျိုးဖြစ်စေနိုင်မည်ဖြစ်**ကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံပတ်ဝန်းကျင်တွင် တရုတ်နိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၂ ဘီလီယံကျော် အိန္ဒိယနိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံကျော် အာဆီယံနိုင်ငံများလူဦးရေ ၆၈၇ မီလီယံကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လူဦးရေ ၁၇၃ မီလီယံကျော်ရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက်နီးပါးနေထိုင်ကြကြောင်း၊ အားလုံးဖိနပ်စီးကြကြောင်း၊ ဖိနပ်အတွက် ရော်ဘာ၊ သားရေလိုအပ်ချက်မည်မျှကြီးသည်ကို တွက်ကြည့်နိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မော်တော်ကားမျိုးစုံ တစ်သန်းခန့်၊ မော်တော်ဆိုင်ကယ်မျိုးစုံ ငါးသန်းခန့်ရှိပြီး အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မြောက်မြားစွာရှိကြောင်း၊ ယင်းတို့အတွက် တာယာနှင့် ကျွတ်များစွာလိုအပ်မည်ဖြစ်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြောင်း။

အဝတ်အထည်နှင့် ချည်မျှင်နှင့်ပတ်သက်၍လည်း **မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်သည့် ချည်မျှင်နှင့် အထည်အလိပ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန်လို**ကြောင်း၊ ဝါကိုအခြေခံသည့်စက်မှုလုပ်ငန်းကို သွားနိုင်ရေးကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှရရှိသည့် သားရေများဖြင့်လည်း တန်ဖိုးမြင့်အဝတ်အထည်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေထွက်သယံဇာတပစ္စည်းများနှင့်ပတ်သက်၍လည်း ဈေးကွက်လိုအပ်ချက်ကြီးမားစွာရှိနေသည့်အတွက် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊**အခြားစိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုဖူလုံအောင် ဒေသအလိုက် ဈေးကွက်လိုအပ်ချက်များကို စနစ်တကျ တွက်ချက်မွေးမြူဆောင်ရွက်သွားရန်လို**ကြောင်း၊ **အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်များအလိုက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ အလားတူ စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ပြည့်မီခြင်းနှင့် သီးထပ်စွမ်းအားပြည့်မီခြင်းမရှိသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လျက်ရှိပြီး ဝင်ငွေထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေးအတွက် ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်း၌ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ မည်မျှထိခိုက်မှုရှိသည်ကို တွက်ချက်ကြည့်ကြောင်း၊ စပါး၊ ပဲ၊ ပြောင်းစသည့် သီးနှံ ၁၀ မျိုးအား ယခုစိုက်ဧကနှင့်ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသဖြင့် နိုင်ငံမှ ဝင်ငွေလျော့နည်းရရှိမှု အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ရှိကြောင်း၊ သီးထပ်စိုက်ပျိုးမှုမရှိ၍ ဆုံးရှုံးမှုများပါထည့်တွက်ပါက ၁၉ ဘီလီယံခန့်ရှိကြောင်း။

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများနှင့် ပတ်သက်၍လည်း ထိုသို့လုပ်ဆောင်မှုများကြောင့် ပြည်တွင်း၌အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်မည့်လုပ်ငန်းခွင်များတွင်လုပ်ကိုင်မည်ဆိုပါကလည်း ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်သဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့်အစား ပြည်တွင်း၌သာအလုပ်လုပ်ကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကိုနည်းပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ စက်မှုနည်းပညာများစသည်တို့ကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ကုန်ကြမ်းလိုအပ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဆန်၊ ပဲ၊ ပြောင်းစသည့် သီးနှံများကို ပြည်ပသို့ ကုန်ကြမ်းအတိုင်းတင်ပို့ကြကြောင်း၊ ပြောင်းကုန်ကြမ်းများကို တိရစ္ဆာန်အစာ၊ ပြောင်းကော်မှုန့်စသည်ကဲ့သို့သော တန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲတင်ပို့နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဆန်နှင့်ပဲကိုလည်း တန်ဖိုးမြင့်ပို့ကုန်အဖြစ် ပြောင်းလဲတင်ပို့နိုင်ရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့်ကုန်ချောများကို တင်ပို့ခြင်းဖြင့် ဈေးနှုန်းများလည်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီး စားရေးလိုအပ်ချက်သည် နေ့စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အဓိကထားပြီး ရပ်တည်နိုင်သည့်နိုင်ငံတစ်ခုဖြစ်နိုင်သည်ဖြစ်သည့်အတွက် စနစ်တကျသုံးသပ်ရှုမြင်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

## ကောင်စီအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြ

ကောင်စီဝင်များနှင့် ကောင်စီတွဲဖက်အတွင်းရေးမှူးက မိမိတို့အစိုးရအဖွဲ့ကျင်းပပေးမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ရေး၊ တည်ရှိပြီး နိုင်ငံရေးပါတီများ ပြန်လည်မှတ်ပုံတင်ခြင်းနှင့် နိုင်ငံရေးပါတီအသစ်လျှောက်ထားခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ အချိန်ပေးခြင်း၊ ပညာပေးခြင်း၊ အသိပေးခြင်းစသည့် လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီစနစ်တကျဆောင်ရွက်ပြီးဖြစ်သဖြင့် ဥပဒေအထက်၌ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းမှ မရှိသင့်သဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်ရေး၊ ယခုကျင်းပမည့်ရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့်ကျင်းပမည်၊ မဲပေးရမည့်နည်းလမ်းများနှင့် မဲပေးနိုင်ခွင့်ရှိသူများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ထုတ်ပြန်နိုင်ရေး၊ ကယားပြည်နယ်အတွင်း လက်နက်အားကိုးဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသူများကို ပြတ်ပြတ်သားသား ချေမှုန်းပေးရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် ပြည်သူများ၏အိုးအိမ်များ ပြန်လည်ဆောက်လုပ်ရန် အခက်အခဲများရှိသဖြင့် တန်ဖိုးနည်းအိမ်ရာများ ပြန်လည်တည်ဆောက်ပေးရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်

စာမျက်နှာ ၁၈ သို့

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၅**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၂ ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဖိတ်ခေါ်ရန်လိုကြောင်း၊ ထို့ပြင် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ကဏ္ဍတိုးမြှင့်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများပါဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ ကုမ္ပဏီများက Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အားကိုယ်တိုင်ထုတ်လုပ်သုံးစွဲနေပြီဖြစ်၍ ပိုမိုတိုးတက်ထုတ်လုပ်ရန် ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity-GDE) အဖြစ် ဖွဲ့စည်းထားသည့် Kyauk Phyu SEZ Consortium Company Limitedနှင့် တရုတ်နိုင်ငံဘက်မှ CITIC Consortium တို့အကြား နီးနီးကပ်ကပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုအသစ် ဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်ပတင်ပို့မှုတိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဇုန်အတွင်းရှိ လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရန် တို့ကို မှာကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

စာမျက်နှာ ၁၇ မှအဆက်

ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများအား စည်းကမ်းလိုက်နာမှုမြင့်မားစေရေး၊ ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း “ဝ”ဥ တိုးချဲ့စိုက်ပျိုးပေးရေးနှင့် “ဝ”ဥကို အခြေခံသည့် ကုန်ချောပစ္စည်းများထုတ်လုပ်သည့် စက်ရုံတည်ဆောက်နိုင်ရေး၊ ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ပြဿနာများစွာရှိခဲ့သဖြင့် ကြိုတင်မဲပေးနိုင်မည့် သတ်မှတ်အရည်အချင်းများအတိုင်းသာ တိကျစွာဆောင်ရွက်၍ သတ်မှတ်နေရာ၊ သတ်မှတ်အချိန်တို့ဖြင့် စည်းစနစ်ကျစွာ ဆောင်ရွက်ရေးယခုနှစ်အတွင်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ခဲ့သော မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်အဆင့်ကျင်းပရေး၊ အလားတူဒြပ်မဲ့ယဉ်ကျေးမှုစာရင်း ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာ့သနပ်ခါးနှင့်ပတ်သက်၍လည်း လှုံ့ဆော်မှုများ နိုင်ငံတော်အဆင့်ဆောင်ရွက်ရေး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်စိစစ်ဆောင်ရွက်ရန်လိုအပ်မှု၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီများအနေဖြင့်လည်း ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု၊ ပါတီများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ဥပဒေအထက်တွင် မည်သူမျှမရှိ၍ ဥပဒေအတိုင်းသာ ဆောင်ရွက်သင့်မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတိုးတက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှုများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့်မဲများသူအနိုင်ရသည့်စနစ်(First Past The Post) FPTP စနစ်အပြင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့တွင် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးလျာထားကြောင်း၊ အားလုံးသဘောတူညီဆုံးဖြတ်ပြီးက တစ်နိုင်ငံလုံးကို အသိပေးမှုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်နိုင်ရေး အချိန်ကာလအားဖြင့်ကိုးလခန့်ကျန်ရှိပြီး ကြိုတင်ပြင်ဆင်ချိန်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကို မထိခိုက်သည့်စနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ပါတီများမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးမှတ်ပုံတင်ခွင့်များကို အချိန်လုံလုံလောက်လောက်ပေး၍ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

မြန်မာလူမျိုးများ၏ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အဆိုပါဒေသတွင် နေထိုင်သူများတွင်သာ တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသားများတွင် တာဝန်ရှိကြောင်း၊ မြန်မာ့တန်ဖိုးမြှင့်တင်ရန်အတွက် မြန်မာပြည်တွင် နေထိုင်ကြသည့်သူများအားလုံးတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်သည့်ကာလအတွင်း လုံခြုံရေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာများအားလုံး စည်းလုံးကြရန် မြန်မာ့တန်ဖိုးမြှင့်တင်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (မဝ)

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်တစ်ပတ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။



## မွေးရာပါ သမိုင်းပေးတာဝန်

**နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်တစ်ခုတည်းဖြင့်သာ သက်ဆိုင်သည် မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ယောကျ်ား၊ မိန်းမ အသက် အရွယ်မရွေး ထမ်းရွက်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်လည်းဖြစ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

၂၃-၁၂-၂၀၂၄

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်





**နေပြည်တော် မတ် ၂၅**

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံ၏ e-Government ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို Myanmar e-Governance Master Plan 2030 ၏ လမ်းပြမြေပုံတွင် ရည်မှန်းထားသောအဆင့်များအတိုင်း အောင်မြင်စေရန် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ICT Infrastructure များ တည်ဆောက်ခြင်း၊ e-Procurement နှင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ စံများသတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ၊ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ပြည်သူ့ အီလက်ထရောနစ်ဝန်ဆောင်မှုများ လျင်မြန်စွာ တိုးတက်လာစေရန်နှင့် e-Government ကို ထိရောက်မြန်ဆန်စွာ အရှိန်တိုးမြှင့် ဆောင်ရွက်နိုင်ရန် အကောင်းဆုံးနည်းလမ်းများကို ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းပြီး ဆွေးနွေးသွားကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက e-Government လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လမ်းညွှန်မှုခံယူရန်အချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့ကို အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံကို မတ် ၂၇ ရက်မှ ၃၁ ရက်ထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ပန်းကလေး များ"** ခေါင်းစဉ်ဖြင့် ၂၆-၃-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ရေးနဲ့ နိုင်ငံရေးမှာ အခွင့်မသာလို့ ရှက်ရမ်းရမ်းပြီး အကြမ်းဖက်လာတဲ့ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၄၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း - Peace Talk 2025 ဒုတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် မတ် ၂၅**

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း– Peace Talk 2025 ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆောင်ရွက်ပြီး “လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အနာဂတ်အလားအလာ” ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မျိုးက ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ”တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်(ငြိမ်း)က ဆောင်ရွက်ပြီး “ပဋိပက္ခလျှော့ချရေးကာလအတွင်း စီးပွားရေးကြွံ့ကြံ့ခံမှုကို ကြိုးပမ်းရာတွင် ဆက်စပ်သည့်ကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာဇော်ဦးက ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် “နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍ”၌ “နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာ့ငြိမ်းချမ်းရေးအခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ဦးမောင်မောင်ငြိမ်းက ဦးဆောင်ဆွေးနွေးသည်။

ယင်းနောက် “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် “ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်ခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာညိုညိုသင်းက ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက်ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ငြိမ်းချမ်းရေးစကားဝိုင်း ဒုတိယနေ့ကို ရုပ်သိမ်းလိုက်သည်။

ငြိမ်းချမ်းရေးစကားဝိုင်း တတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်နှင့် နိုင်လွန်ကတ္တရာလမ်းသစ်များ ဖွင့်လှစ်



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၂၅**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကွဲ–လွိုင်မွေလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့တွင်ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒေသခံပြည်သူများကိုယ်စား လွိုင်မွေဒေသခံ အာခါတိုင်းရင်းသားအကြီးအကဲက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ ကျောင်းလမ်း၊ ကွေ့ကြီးရပ်ကွက်ရှိ ပါရမီလမ်းနှင့် ဇေယျာလမ်း၊ ရုံးကြီးရပ်ကွက်ရှိ ရေမိန်လမ်းနှင့် သလ္လာရပ်ကွက်ရှိ ဗိုလ်တစ်ထောင်လမ်းတို့အား နိုင်လွန်ကတ္တရာလမ်းသစ်များဖွင့်ပွဲကို ဒေါနခြံရပ်ကွက် ကျောင်းလမ်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အဆိုပါလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး သွေးလှူရှင်များကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ချီးမြှင့်ပေးအပ်စဉ်။

နေပြည်တော် မတ် ၂၅

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သွေးအလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သွေးအလှူရှင်ပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြင်းများ ဆောင်ရွက်ပေးပြီး သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နှစ် ၈၀ ပြည့် တပ်မတော်နေ့ စစ်ရေးပြ စစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့်စစ်ရေးပြ စစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ပြီး မတ် ၂၅၊ ၂၆ ရက်တို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ နှစ်ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင် (လူကိုယ်တိုင်)လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊ ၀၃၂-၃၀၀၀၉

## ထူးခြားသည့် နေ့အပူချိန်များ

( ၂၅ - ၃ - ၂၀၂၅ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကော့ကရိတ် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ဇောင်းတူ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ပဲခူး | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | တောင်ငူ | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | ပြည် | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# အစိုးရဓမ္မာစရိယစာမေးပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် မတ် ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက် ပထမနေ့ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၁၃၄ ပါး / ဦး အနက် ၁၂၂၄၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၆ ဒသမ ၆၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

# သံအမတ်ကြီး ဦးကျော်တင်ရှိန် အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၂၅

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်ရှိန်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် မတ် ၂၄ ရက်တွင် ကိုင်ရိုမြို့ ဟေလီယိုပိုးလစ်ရှိ သမ္မတအိမ်တော်၌ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအက်(ဘ်)ဒယ်ဖာတာ အယ်လ်စီစီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

# မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများစာရင်း အမိန့်ကြော်ငြာစာထုတ်ပြန်ထားရှိမှုအား အသိပေးခြင်း

နေပြည်တော် မတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် International Narcotics Control Board (INCB)မှ ထုတ်ပြန်ထားသောစာရင်းကို အခြေခံ၍ ၂၅-၂-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၅) ဖြင့် မူးယစ်ဆေးဝါးစာရင်း၊ အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၂၅)ဖြင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးစာရင်း၊ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၂၅)ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးထုတ်လုပ်ရာ၌အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းတို့ကို ထပ်မံထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာများအား Website : https://drugmuseum.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ၂၃၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ၂၃၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မတ် ၂၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၇၆ ဦး၊ မလေးရှားနိုင်ငံသား ၂၄ ဦး၊ နီပေါနိုင်ငံသား လေးဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသားနှစ်ဦးတို့ကို မြန်မာ - ထိုင်း အမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေးတို့ကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံးမှ Counsellor Keam Sarat နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာမလေးရှားသံရုံးမှ Charge' d' Af-faires a.i Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Jeffery Salik နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ Third Secretary Mr. Aakash Adhikari နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင် မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၅ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၈၆၇၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ဦးရေ ၅၄၀၆ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## မအူပင်မြို့နယ်တွင် လူငယ်များကို စစ်မှုထမ်းဆောင်ရန် အဓမ္မဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန်




အတွက် လူငယ်များကို အဓမ္မဖမ်းဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ မအူပင်မြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူ တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးအရ စစ်ဆေးခြင်းများအပါအဝင် အကြမ်းဖက်လုပ်ငန်းများမဖြစ်ပွားစေရေး အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့်ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ၎င်းတို့ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "SainnaWkhan 7" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ဇေယျာထွန်းအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ ၂၀၂၇ အာရှဖလားခြေစစ်ပွဲမှ

အာဖဂန်နစ္စတန်အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၈ မိနစ်တွင် သန်းပိုင်က မြန်မာအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အိမ်ရှင်မြန်မာအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူပြီး ပိုမိုတိုက်စစ်ဆင် ဖိအားပေးကစားနိုင်ခဲ့ရာမှ ပွဲချိန် ၇၄ မိနစ်တွင် မောင်မောင်လွင်၏ အာဖဂန်နစ္စတန်အသင်း ဂိုးဧရိယာအပြင်မှ လှပသည့်ကန်သွင်းချက်ဖြင့် မြန်မာအသင်းက ဦးဆောင်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် အာဖဂန်နစ္စတန်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ရန် အခွင့်အရေးများရရှိခဲ့သော်လည်း မြန်မာအသင်းက အမှားအယွင်းမရှိ ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို အိမ်ကွင်းတွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၇အာရှဖလားခြေစစ်ပွဲ တတိယအဆင့် အုပ်စု(E)အုပ်စု ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းသည် လာမည့် ဇွန် ၁၀ ရက်နှင့် အဝေးကွင်းပွဲစဉ်အဖြစ် ပါကစ္စတန်အိမ်ကွင်းတွင် သွားရောက်ကစားရမည်ဖြစ်ကြောင်းသိရသည်။ STA

# နေတိုး၏ထိပ်တန်းစစ်ပစ္စည်းအပျက်အစီးများစုံပုံရာနေရာဖြစ်လာသည့် ရုရှား၏ကာ့စ်ဒေသ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သောရုရှား-ယူကရိန်းပဋိပက္ခသည် ယခုအခါ သုံးနှစ်သက်တမ်းအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး နှစ်ဖက်ထိခိုက်ဆုံးရှုံးမှုများလည်း တိုးမြင့်လာခဲ့သည်။ ပဋိပက္ခရှည်ကြာလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများမှ ငြိမ်းချမ်းရေးကြိုးပမ်းမှုများ ပြုလုပ်ရန်လည်း တိုက်တွန်းလာခဲ့သည်။ ဇန်နဝါရီလတွင် သမ္မတ တာဝန်ထမ်းဆောင်ခဲ့သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရုရှားနှင့် ယူကရိန်းတို့ကြားအပစ်အခတ်ရပ်စဲရေး အလျင်မြန်ဆုံးလုပ်ဆောင်ရန် တိုက်တွန်းမှုက သုံးနှစ်သက်တမ်းရောက်ရှိလာသည့် ပဋိပက္ခအတွက် ထင်ရှားသည့် အချိုးအကွေ့တစ်ခုဖြစ်လာခဲ့သည်။

**ပဋိပက္ခအတွက်မောင်းနှင်အားများ**

ရုရှား-ယူကရိန်းပဋိပက္ခသည် အချိန်တိုအတွင်း မမျှော်လင့်ဘဲ ရုတ်တရက်ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ပေ။ ပဋိပက္ခမဖြစ်မီ ၂၀၂၁ ခုနှစ် တစ်နှစ်လုံးတွင် နေတိုးအဖွဲ့သည် ယူကရိန်းနိုင်ငံအပေါ် စစ်လက်နက်ပစ္စည်းများထောက်ပံ့မှု၊ လေ့ကျင့်ပေးမှုများကို သိသိသာသာ ပြုလုပ်လာခဲ့သည်။ ယခင်က ခုခံကာကွယ်ရေး လက်နက်များကိုသာ ပံ့ပိုးခဲ့ရာမှ ထိုးစစ်လက်နက်များပါ ပံ့ပိုးလာခြင်းကြောင့် ရုရှားအနေဖြင့် တန်ပြန်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရသည်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရုရှားအတွက် အကျပ်အတည်း ဖြစ်စေမည့် တောင်းဆိုမှုများကို အမေရိကန်အစိုးရမှ ဖိအားပေးလုပ်ဆောင်မှုများကြောင့် ပဋိပက္ခစတင်ခဲ့ခြင်းဖြစ်သည်။

ပဋိပက္ခ စတင်ဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် နေတိုးအဖွဲ့ဝင်နိုင်ငံများသည် ယူကရိန်းသို့ စစ်လက်နက်ပစ္စည်းမျိုးစုံပံ့ပိုးခဲ့ရာ စက်သေနတ်၊ တိုက်လေယာဉ်နှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များထိပါဝင်လာခဲ့သည်။ အနောက်အုပ်စုနိုင်ငံများတွင်အသုံးပြုသည့် အဆင့်မြင့်စစ်လက်နက်ပစ္စည်းများကို ပံ့ပိုးရုံမက ၎င်းတို့ကိုအသုံးပြုသည့် နည်းလမ်းများကိုလည်း သင်ကြားပို့ချခဲ့သည်။ ထို့ပြင် ယူကရိန်းတပ်ဖွဲ့များကို နေတိုးအဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာနိုင်ငံအချို့သို့ ခေါ်ဆောင်၍ စစ်ရေးလေ့ကျင့်ပေးခဲ့သည်။ ထို့ပြင် ကြေးစားတပ်ဖွဲ့များကိုလည်း ပံ့ပိုးပေးခဲ့သည်။ ဤသို့ဖြင့် ယူကရိန်းသည် ရုရှားအပေါ် နယ်ပယ်ချဲ့ထွင်တိုက်ခိုက်လာခဲ့ရာ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ရုရှား၏ ကာ့စ်ဒေသကို ဝင်ရောက် တိုက်ခိုက်ရုံမက ရုရှား၏ လူစည်ကားရာမြို့ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံနှစ်ခုကို တိုက်လေယာဉ်ဖြင့် ၂၀၀၁ ခုနှစ်က တိုက်ခိုက်ခဲ့သည့်ပုံစံဖြင့် ဒရုန်းများအသုံးပြုတိုက်ခိုက်လာခဲ့သည်။

**ကာ့စ်ဒေသအတွင်း ဖျက်ဆီးခံရသည့် နေတိုးစစ်လက်နက်ပစ္စည်းများ**

ကာ့စ်ဒေသရှိ ယူကရိန်း၏စစ်ဆင်ရေးအားလုံး ပြိုလဲလုနီးပါးဖြစ်မှုသည် ၎င်း၏အကောင်းဆုံးတပ်ဖွဲ့ဝင်များနှင့်ပစ္စည်းများကို မျှော်လင့်ချက်မဲ့စေသည့် စစ်ဆင်ရေးတစ်ခုအဖြစ် ယူကရိန်းသမ္မတ ဇီလန်စကီး၏မိုက်မဲသောလုပ်ရပ်ကို မီးမောင်းထိုးပြခဲ့သည်။ ကာ့စ်ဒေသတွင် ယနေ့ထိဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း ယူကရိန်းသည် တင့်ကားအစီးရေ ၄၀၀ ခန့်၊ သံချပ်ကာကားအစီးရေ ၂၈၀၀ ခန့်နှင့် အမြောက်နှင့် စိန်ပြောင်း ၁၀၀၀ ကျော်ဆုံးရှုံးခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ယူကရိန်းတပ်ဖွဲ့များ တစ်ချိန်ကသိမ်းပိုက်ခဲ့သည့် ကာ့စ်ဒေသရှိ နယ်မြေ ၈၅ ရာခိုင်နှုန်းကျော်ကို ပြန်လည်လွတ်မြောက်စေခဲ့ကာ နေတိုး၏အဆင့်မြင့်ဆုံး စစ်ပစ္စည်းများအပါအဝင် မီးလောင်မှု သို့မဟုတ် ပျက်စီးမှုကြောင့် စွန့်လွှတ်ခဲ့သည့်ယာဉ်များရှိနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းသို့ပို့ဆောင်ခဲ့သည့် အမေရိကန်၏ M2A2 Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်အစီးရေ ၃၀၀ ကျော်မှ ထက်ဝက်ခန့်မှာ ပျောက်ဆုံးနေသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။ ကာ့စ်ဒေသရှိအခြားသော ပျက်စီးနေသည့် နေတိုးစစ်လက်နက်ပစ္စည်းကိရိယာများကြားတွင် ၎င်းတို့ကို တွေ့ရှိခဲ့ရသည်။ အသုံးပြုသူ စိတ်ကြိုက်ပြင်ဆင်နိုင်သော အမေရိကန်ထုတ် M1 Abrams ပင်မတိုက်ပွဲဝင်တင့်ကား ၃၁ စီးကို ယူကရိန်းသို့ ပို့ဆောင်ခဲ့ပြီး ယနေ့ထိ အစီးရေ ၂၀ ဆုံးရှုံးခဲ့သည်။ ဩစတြေးလျသည် Leopard 1 AVLB Biber ၄၉ စီး ပေးပို့ရန်စီစဉ်ထားသည်။ Leopard 1 AVLB Biberသည် ဂျာမနီထုတ် Leopard-1 တင့်ကားကိုယ်ထည်ပေါ်တွင် တည်ဆောက်ထားသော သံချပ်ကာယာဉ်တင်တံတားဖြစ်ပြီး ယူကရိန်းသို့ အစီးရေ ၃၀ ကျော်ပေးပို့ခဲ့သည်။ ယူကရိန်းသို့ပေးပို့သော အမေရိကန်ထုတ် ၁၅၅ မီလီမီတာ M777အမြောက် ၁၈၀ အနက်သုံးပုံတစ်ပုံသည် ပျောက်ဆုံး၊ ပျက်စီး သို့မဟုတ် ယနေ့ထိစွန့်ပစ်ခံခဲ့ရပြီး အချို့မှာ မကြာသေးမီက ကာ့စ်ဒေသတွင်မူလအတိုင်းနီးပါး ရှိနေသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနဆိုသည်။ ကနေဒါနိုင်ငံထုတ် Stryker သံချပ်ကာတိုက်ခိုက်ရေးယာဉ်အစီးရေ ၄၀၀ ကျော်ကို ယူကရိန်းသို့လွှဲပြောင်းပေးခဲ့ပြီး နောက် ၅၅ စီး ထက်မနည်းပျက်စီးခဲ့ကာ အချို့မှာ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ တိုက်ခိုက်မှု FPV ဒရုန်းဗီဒီယိုမြင်ကွင်းတွင် မြင်တွေ့ခဲ့ရသည်။



ရုရှား၏ကာ့စ်ဒေသတွင် တွေ့ရသည့် နေတိုး၏စစ်ပစ္စည်းအပျက်အစီးများကို တွေ့ရစဉ်။

တူကီယဲထုတ် BMC Kirpi II MRAPs အစီးရေ ၂၀၀ ကို ယူကရိန်း၏အထူးတပ်များတွင် တာဝန်ထမ်းဆောင်ရန်စေလွှတ်ထားသည်။ ကာ့စ်ဒေသအပါအဝင် အခြားဒေသများ၌ ရုရှားတပ်ဖွဲ့များက ဖျက်ဆီးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် သိမ်းပိုက်ထားသောယာဉ်များပါဝင်သည်။ Humvees ဟုလူသိများပြီး နေရာအနှံ့အသုံးပြုလျက်ရှိသော အမေရိကန်ထုတ်ယာဉ်အစီးရေ၅၀၀၀ ကို ယူကရိန်းသို့ပို့ဆောင်ပြီးဖြစ်သည်။ ကနေဒါနိုင်ငံထုတ် သံချပ်ကာယာဉ် ၂၇၀၀ စီးကျော်ကို ယူကရိန်းသို့ပို့ဆောင်ပြီး ၎င်းတို့ကို ရုရှား FPV ဒရုန်းတွင်တပ်ဆင်ထားသော ဗီဒီယိုများတွင် မြင်တွေ့ခဲ့ရသည်ဟုဆိုသည်။ ဤမိုင်းဒဏ်နှင့် ခြုံခိုတိုက်ခိုက်ခံရမှုကာကွယ်ရေးယာဉ် (MRAP) MAXXPRO အစီးရေ ၄၄၀ ခန့်ကို အမေရိကန်က ယူကရိန်းသို့ပေးပို့ခဲ့ပြီး ကာ့စ်ကို တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲများတွင်ပါဝင်မှုကြောင့် ယနေ့ထိ အနည်းဆုံး ၁၇၉ စီး ဆုံးရှုံးခဲ့ပြီးဖြစ်သည်။

ရှေးဟောင်းချိန်းတပ် M113 APC သံချပ်ကာလူသယ်ယာဉ်အစီးရေ ၁၀၀၀ ကျော်ကို အမေရိကန်နှင့် မဟာမိတ်များက ယူကရိန်းသို့ပို့ဆောင်ခဲ့ပြီးနောက် ကာ့စ်ဒေသအပါအဝင် နေရာမျိုးစုံ၌ အစီးရေ ၃၀၀ ခန့်ပျက်စီးခဲ့သည်။ ယူကရိန်းသည် အမေရိကန်ထုတ် BATT UMG ယာဉ် ၁၁၆ စီးကို လက်ခံရရှိထားသည်။ ဩစတြေးလျထုတ် Bushmaster PMV အကာ အကွယ်နှင့် ရွေ့လျားသွားလာရေးယာဉ်အစီးရေ၁၂၀ ခန့်သည် ယူကရိန်းသို့ရောက်ရှိခဲ့ပြီး အချို့မှာ ကာ့စ်ဒေသတွင် အဆုံးသတ်ကာ ယနေ့ထိအနည်းဆုံး ၂၅ စီး ပျောက်ဆုံးခဲ့ကြောင်း သိရှိရသည်။

အကြီးစားစစ်လက်နက်ပစ္စည်းများအပြင် နေတိုးလက်နက်ငယ်များကိုလည်း ကာ့စ်ဒေသတွင် ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းဆည်းရမိခြင်းများပြုလုပ်ခဲ့ပြီး ၎င်းတို့တွင် အမေရိကန်နှင့် ပြင်သစ်တို့က ယူကရိန်းသို့ပို့ဆောင်ခဲ့သည့် FN M240 ၇ ဒသမ ၆၂ မီလီမီတာ စက်သေနတ်များလည်း ပါဝင်သည်။

**သမ္မတထရန့်၏ငြိမ်းချမ်းရေးစကား**

သမ္မတထရန့်သည် သမ္မတကျမ်းသစ္စာကျိန်ဆိုပြီး မကြာမီအချိန်အတွင်း၌ပင် ရုရှား-ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးကြိုးပမ်းရန် တိုက်တွန်းခဲ့သည်။ တစ်ဖက်၌လည်း ယူကရိန်းအပေါ် ပြုလုပ်ခဲ့သည့် စစ်ရေးပံ့ပိုးမှုများကိုရပ်တန့်ခဲ့ရုံမက ယခင်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်ကပေးပို့ရန် ဆုံးဖြတ်ထားသည့် ပံ့ပိုးမှုများကိုပင် ရောက်သည့်နေရာ၌ ရပ်တန့်ရန် ဆုံးဖြတ်ခဲ့သည်။ ယူကရိန်းသမ္မတ ဇီလန်စကီးကိုလည်း အိမ်ဖြူတော်သို့ခေါ်ယူ၍ ဆွေးနွေးခဲ့သည်။ ယူကရိန်းနိုင်ငံက စစ်ပွဲဆင်နွှဲနိုင်ရေးအတွက် အမေရိကန်၏ အရင်းအမြစ်များကို ဆုံးရှုံးခံမည်မဟုတ်ဟု ပြတ်ပြတ်သားသားပြောကြားရုံမက ယခင်ပံ့ပိုးခဲ့သည့် ကုန်ကျမှုများအတွက် ယူကရိန်းထံမှ တန်ရာတန်ကြေး ပြန်လည်ရယူမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

**နေတိုးအတွက်အကျပ်အတည်း**

နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲရန် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြတ်ပြတ်သားသား တိုက်တွန်းခဲ့သည်။ စစ်အေးတိုက်ပွဲအပြီး နေတိုး၏ အားနည်းမှုနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာလျော့ရဲလာမှုသည် အဓိကအားဖြင့် အချက်နှစ်ချက်ကြောင့်ဖြစ်သည်။ ပထမအချက်မှာ ၎င်း၏စိတ်ကူးယဉ်ပုံဖော်ထားသည့် ရန်သူကျဆင်းလာခြင်းပင်ဖြစ်သည်။ ဒုတိယအချက်မှာ အမေရိကန်နှင့်ဥရောပကြား ဘုံမျှဝေထားသောလုံခြုံရေးဦးစားပေးမှုဆုံးရှုံးခြင်းဖြစ်သည်။ စစ်အေးကာလအတွင်းက အမေရိကန်နှင့် ဥရောပတို့သည် ဆိုဗီယက်ယူနီယံကို အဓိကခြိမ်းခြောက်မှုအဖြစ်မြင်ခဲ့ကြသည်။ ယခုအခါ ဥရောပက ရုရှားကို အာရုံစိုက်နေချိန်တွင် အမေရိကန်က တရုတ်ကို တန်ပြန်ရန်တွန်းအားပေးနေချိန်ဖြစ်သည်။ အမေရိကန်နိုင်ငံရေးသမားများ၏ရှုထောင့်အရ နေတိုးသည် ပစိဖိတ်ဒေသကိုဖြတ်ကျော်ပြီး အမေရိကန်-တရုတ်ပြိုင်ဆိုင်မှုကို ကိုင်တွယ်ဖြေရှင်းရန်ဖြစ်နိုင်ခြေမရှိပေ။

ရိုးရှင်းစွာဆိုရလျှင် အမေရိကန်၏မဟာမိတ်မူဝါဒအပြောင်းအလဲသည် ဆယ်စုနှစ်များစွာကြာသည်ထိ လုံခြုံရေးအခမဲ့ခံစားခွင့်ရှိခဲ့သော ဥရောပနိုင်ငံများကိုလွှမ်းမိုးစေပြီး နေတိုး၏ဥရောပအဖွဲ့ဝင်များကို အရေးအခင်းစီမံခန့်ခွဲမှုမှ စုပေါင်းကာကွယ်ရေးသို့ကူးပြောင်းရန် တွန်းအားပေးခဲ့ပါသည်။ ဤအရွေ့သည် အမေရိကန်နှင့်၎င်း၏ ဥရောပမဟာမိတ်များကြားတွင် ပိုမိုမျှတသော လုံခြုံရေးမူဝါဒကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ရလဒ်အနေဖြင့် နေတိုးသည် ရှင်သန်ရပ်တည်နိုင်ဖွယ်ရှိသော်လည်း ၎င်းသည် အမေရိကန်ကိုဗဟိုပြုသည့်ပုံစံမှ အမေရိကန်နှင့်ဥရောပတို့မျှဝေထားသော ဗဟိုနှစ်ခုဖွဲ့စည်းပုံအသစ်သို့ပြောင်းလဲသွားနိုင်ပါသည်။

အချုပ်ဆိုရလျှင် ရုရှား-ယူကရိန်းပဋိပက္ခသည် စတင်ဖြစ်ပွားချိန်ကာလနှင့်နှိုင်းယှဉ်လျှင် ပြီးစီးရန်နီးကပ်လာပြီဟုဆိုနိုင်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပဋိပက္ခကို သမ္မတဟောင်း ဂျိုးဘိုင်ဒင်ကဖြစ်စေခဲ့ပြီး နေတိုးအဖွဲ့ကရုရှားနှင့် စစ်ဆင်နွှဲခြင်းဖြစ်သည်ဟု အတိအလင်းပြောကြားခဲ့သည်။ ကာ့စ်ဒေသကို တိုက်ခိုက်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးခဲ့သည့် နေတိုးအရာရှိ ၃၀ ဦးသည် ကာ့စ်ဒေသ၌ ဝိုင်းရံခံထားရသည်ကိုလည်း တွေ့ရှိရသည်။ ရုရှားတို့က ကာ့စ်ဒေသအတွင်းမှ ရန်သူများကိုသုတ်သင်ရှင်းလင်းမည်ဟုရုရှားစစ်ဦးစီးချုပ်က ပြောကြားခဲ့သည်။ သို့ဖြစ်၍ ရုရှား-ယူကရိန်းပဋိပက္ခသည် အဆုံးသတ်ရန် အလားအလာများ မြင်တွေ့လာရကြောင်းနှင့် ကာ့စ်ဒေသအပေါ် ယူကရိန်းတို့၏ဝင်ရောက်တိုက်ခိုက်မှုသည်လည်း မကြာမီအဆုံးသတ်ဖွယ်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- Russia's Kursk Region Becomes Final Resting Place for NATO's Top Tech, Sputnik, March 2025
- US seeks to pressure European allies by threatening NATO exit, China Military Online, March 2025

**နေရှား(သုတေသန)**

ဝတ္ထုတိုကဏ္ဍ

# လောကစံရယ်

မေသင်းလှိုင် (ရွှေဘို)



လူရယ်လို့ဖြစ်လာရင် လောကဓံရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေကို ကြုံကြုံခံဖို့လိုတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ လောကကြီးက ကျွန်တော့်ကိုပဲရွေးနှိပ်စက်နေသလားဗျာ ကြည့်ပေးစမ်းပါအုံး။

ကျွန်တော်က မောင်နှမတွေထဲမှာ အလတ်ဖြစ်နေလို့ ကျွန်တော့်ကို ညီအစ်ကိုမောင်နှမ တွေက ကိုလေးလို့ပဲခေါ်ကြပါတယ်။ အခြားသူစိမ်းတွေက တောင် ကျွန်တော့်နာမည်ကို မေ့နေကြပြီး ကိုလေးလို့ပဲလိုက်ခေါ်ကြပါတယ်။ ကျွန်တော့်နာမည်ကတော့ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာတင်အုန်းပါ။ ကျွန်တော်ကလဲ အဲဒီလို ရင်းရင်းနှီးနှီးခေါ်တာ ကြိုက်တယ်လေ။

ကျွန်တော်က တိရစ္ဆာန်ဆေးကုဆရာဝန်ပါ။ ရပ်ကွက်ထဲမှာရှိတဲ့ အိမ်မွေးတိရစ္ဆာန်ကအစ နွားမွေး၊ ကျွဲမွေး ကာကွယ်ဆေးထိုးတာကအစ အကုန်လုပ်ရပါတယ်။ အစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်နေရင်း အပြင်မှာ လဲ ဆေးလိုက်ကုပေးပါတယ်။

ကျွန်တော်က အင်းစိန်မှာနေတာဆိုတော့ အဲ့ဒီအနီးတစ်ဝိုက်က တိရစ္ဆာန်တွေကိုပါ လိုက်ကုနေရလို့ လက်မလည်ပါဘူး။ ပိုက်ဆံရပေမဲ့ တော်တော်ပင်ပန်းလို့ ရုံးချိန်နဲ့လွတ်တဲ့နေ့တွေ ရုံးပိတ်ရက်တွေတော့ အပြင်က တိရစ္ဆာန်တွေကို ဆေးလိုက်ကုပေးတယ်။ ရုံးက ရွှေပြည်သာမှာတက်ရလို့ ကျွန်တော် အင်းစိန် ကနေ ရွှေပြည်သာကိုရုံးတက်၊ ရုံးဆင်းလုပ်ရပါတယ်။ ကျွန်တော့်အိမ်သူနဲ့ ဖူးစာဆုံခဲ့ပါတယ်။

ကျွန်တော်က အိမ်ထောင်ပြုရမဲ့အရွယ်တောင် ကျော်နေပါပြီ။ ကျွန်တော့်အသက် ၃၀ ဖြစ်နေပြီမို့ အဖေနဲ့ အမေတို့ကလဲခွင့်ပြုလို့ ကျွန်တော် အိမ်ထောင်ကျခဲ့ပါတယ်။

ကျွန်တော်တို့အိမ်ထောင်ကျပြီး တစ်နှစ်ကျော်လောက်မှာ သမီးကလေးကိုမွေးဖွားခဲ့တော့ ကျွန်တော့်မှာ ပျော်လိုက်ရတာဗျာ။ အသက်ကြီးမှ အိမ်ထောင်ကျပြီး အခုလို ကျွန်တော်တို့မိသားစုထဲကို သမီးကလေး ရောက်လာတာ ကျွန်တော့်အတွက်တော့ ရတနာထုပ်ကြီးရောက်လာသလိုပဲ။

အိမ်မှာ အတူနေယောက္ခမကြီးကရှိတော့ ကျွန်တော်တို့လင်မယား အလုပ်သွားကြရင် သမီးကလေးကို စိတ်ချ၊ လက်ချထားခဲ့လို့ရပါတယ်။ ရုံးကပြန်ရောက်ရင်တော့ သမီးကလေးကို လက်ကမချဘဲ ကျွန်တော်က ရင်ခွင်ပိုက်ထားတာပေါ့။

အဲဒီအချိန် အပြင်က တိရစ္ဆာန်ကလေးတွေဆေးထိုးဖို့လာခေါ်ရင်တောင် မလိုက်ချင်ပါဘူး။ ဒါပေမဲ့ သမီးကလေးအတွက် ငွေရှာမှဖြစ်မယ်ဆိုပြီး သွားရတာပါပဲ။

ဒီလိုနဲ့ သမီးကလေးလဲကောင်းမွန်စွာ ကြီးပြင်းလာပါတယ်။ သမီးကလေးမှာမွေးရာပါ နှလုံးကျယ်တဲ့ ဝေဒနာတော့ရှိပါတယ်။ ဆေးမှန်မှန်သောက်၊ အားဖြစ်မဲ့အစားအစာကို ကျွန်တော်က ဂရုတစိုက်ကျွေးမွေးပေးလို့ ကျန်းကျန်းမာမာတော့ရှိပါတယ်။

သမီးကလေးက ကျွန်တော့်ဘဝပါ။ သမီးကလေး မျက်နှာညှိုးရင်၊ မျက်နှာမကောင်းရင်တောင် ကျွန်တော့်မှာခြေမကိုင်မိ၊ လက်မကိုင်မိ ဘာလုပ်ပေးရမလဲလို့ တဖွဖွပြောနေတတ်တဲ့သူပါ။ သမီးကလေးနဲ့ပတ်သက်ရင် အဖြစ်သည်းတတ်လွန်းလို့ မိန်းမက ကောယောက္ခမကပါကျွန်တော့်ကိုကြည့်မရကြပါဘူး။

ဒီလိုနဲ့ သမီးလေးလဲ ဘွဲ့ရပြီးနောက် ရေဒီယို FM တစ်ခုမှာ အလုပ်ဝင်လုပ်ပါတယ်။ ရုံးသွား၊ ရုံးပြန် ဖယ်ရီရှိတာကြောင့် လမ်းထိပ်က ဖယ်ရီစုရပ်ကို သူ့ထမင်းချိုင့်လေးဆွဲပြီး ကျွန်တော်ကလိုက်ပို့ ဖယ်ရီကားပေါ်တက်သွားတဲ့ သမီးကလေးကို ကြည့်ပြီးမှ ကျွန်တော်က ရုံးသွားတာပါ။

ကျွန်တော်က ဆေးလိပ်တော့ အလွန်ကြိုက်ပါတယ်။ စီးကရက်တော့သောက်ခဲ့ပြီး ဆေးပေါ့လိပ်သောက်တာကြာလာတော့ ချောင်းဆိုးအမောမခံနိုင်ဖြစ် အသက်ကလဲ ၆၀ နားနီးနေပြီလေ။ သွားရတာက ရွှေပြည်သာထိဆိုတော့ အသက်ကြီးတာ၊ သွားရတာဝေးတာအကြောင်းပြပြီး အင်းစိန်မြို့နယ်ကရုံးကို ပြောင်းရွှေ့ခွင့်ရလို့ နည်းနည်းတော်ပါသေးတယ်။ ဒီကြားထဲမှာ စိတ်ထိခိုက်စရာဖြစ်လာပါတော့တယ်။ ကျွန်တော့်အဖေ အစာမျိုရတာခက်နေတာနဲ့ ဆေးရုံသွားပြတာ လည်ချောင်းကင်ဆာတဲ့။

အဖေလဲ ဆေးကုနေရင်းကနေ ဆုံးသွားပါတယ်။ ကျွန်တော်တို့အတွက် ရွှေတောင်ကြီးပြိုပါပြီ။ အဖေ့ကိုဆုံးရှုံးရတော့ အမေ့ကျန်းမာရေးကို ဂရုပိုစိုက်ဖို့ဖြစ်လာတယ်။ အမေကလဲ ကျန်းမာလို့တော်ပါသေးတယ်။

အဖေဆုံးပြီး ၁၃နှစ်အကြာမှာတော့ အမေဆုံးသွားပါတယ်။ အမေဆုံးသွားတာ ကျွန်တော်တို့မိသားစုအတွက်တော့ ဖြေမဆည်နိုင်အောင်ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ အမေက အသက် ၈၈ နှစ်ထိ နေသွားရလို့ သက်တမ်းစေ့တာပဲလို့ ဖြေသိမ့်ရပါတယ်။

ကျွန်တော်လဲ အစိုးရဝန်ထမ်းအဖြစ်မှ အသက် ၆၀ ထိမနေတော့ဘဲ ဆေးပင်စင်တင်ပြီး အင်းစိန်မှာရှိတဲ့ အစာစပ်ကုမ္ပဏီတစ်ခုမှာ လစာကောင်းတာနဲ့ ဝင်လုပ်လိုက်ပါတယ်။ လစာကောင်းပေမဲ့ ကျွန်တော် ချောင်းပိုဆိုးလာပါတယ်။

အမေတို့ထားခဲ့တဲ့အမွေတွေကို မောင်နှမတွေ ခွဲယူပြီး ကျွန်တော်ရတဲ့ဝေစုကို ကားတစ်စီးဝယ်လိုက်ပါတယ်။ တက္ကစီမောင်းစားမယ်ပေါ့ဗျာ။ အစာစပ်ကုမ္ပဏီမှာလဲ မလုပ်တော့ဘဲ အပြင်မှာတိရစ္ဆာန်ကလေးတွေဆေးကု ကျန်တဲ့အချိန်မှာ တက္ကစီမောင်းပေါ့။ ကျွန်တော့်ကားကလေးက အပြင်တက္ကစီဆွဲရတယ်သိပ်မရှိပါဘူး။

ဝမ်းကွဲညီတွေ၊ မောင်နှမတွေက တစ်လှည့်စီ သူတို့သွားလိုရာပို့နေရလို့ သူတို့လဲ အဆင်ပြေ ကျွန်တော်လဲ အဆင်ပြေပေါ့။ သူတို့က ကျွန်တော့်ကို တအား အားကိုးကြတာလေ။

ဘယ်လောက်အလုပ်များများ သမီးကလေးကို ဂရုစိုက်တာတော့မလျော့ပါဘူး။ သူ့ဖယ်ရီကားဂိတ်ကို မှန်မှန်လိုက်ပို့ပေးနေတုန်းပါဘဲ။

တစ်ရက်မှာတော့ သမီးကလေးကို ဖယ်ရီကားပေါ်တင်ပေးလိုက်ပြီး သူလက်တပြပြနဲ့ ထွက်သွားတာကြည့်ပြီး အိမ်ပြန်လာရေချိုးပြီးအပြင်ထွက်ခါနီးမှာ ဖုန်းတစ်ကောဝင်လာပါတယ်။

"ဟယ်လို မအေးအေးရဲ့အဖေပါလားရှင်"

"ဟုတ်ပါတယ်။ ဘာကိစ္စရှိလို့လဲ"

"ရေဒီယို FM ကပါ။ ရုံးကိုခဏလာခဲ့ပေးပါ။ ဦးလေးရဲ့ သမီး ဒီမှာခေါ်လို့မရဖြစ်နေလို့ပါ"

"ဟင် ဟုတ်လား ခုနကပဲ ရုံးသွားတာလေ"

"ဟုတ်ပါတယ် ရုံးရောက်ရောက်ချင်း ဖြစ်သွားတာ"

"လာပြီ လာပြီ အခုလာပြီ"

ကျွန်တော်လဲ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ မိန်းမဆီ အကြောင်းကြားတော့ သူလဲ ခုမှရုံးရောက်ခါစ ချက်ချင်းလိုက်လာမယ်ပြောတယ်။ ကျွန်တော်လဲ သမီးကလေးတို့ ရေဒီယို FM ရုံးကို အပြေးအလွှား ရောက်သွားတော့–

သူတို့ရုံးကလူကြီးတွေက သူတို့ရုံးနဲ့နီးတဲ့ ဝိတိုရိယဆေးရုံကို ပို့လိုက်တယ်ဆိုလို့ ကျွန်တော်ရောက်သွားချိန်မှာတော့ သမီးကလေးရဲ့ အသက်မဲ့နေတဲ့ အလောင်းကိုသာ တွေ့ရပါတော့တယ်။

မိန်းမကလဲ ရောက်လာပြီမို့ ကျွန်တော်တို့ လင်မယား သမီးကလေးရဲ့အသက်မရှိတော့တဲ့ ခန္ဓာကိုယ်ကို မယုံကြည်ပေမဲ့ မြင်တွေ့နေရပါတယ်။

လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ လှလှပပပြင်ဆင်ပြီး ဖယ်ရီကားပေါ် လက်တပြပြနဲ့ပါသွားတဲ့ သမီးကလေး အခုတော့ အသက်မရှိတော့ဘူးတဲ့လားဗျာ။

ကျွန်တော် ဘယ်လိုယုံကြည်ရမလဲ ဆေးလေးတစ်ခွက်တောင် မတိုက်လိုက်ရ၊ ဆေးတစ်ချောင်းတောင်မထိုးလိုက်ရဘဲ ဒီလိုပဲ ထွက်သွားရသလား သမီးကလေးရေ။

ကျွန်တော့်ရဲ့ တစ်ဦးတည်းသောသမီးကလေး၊ ချစ်ရတဲ့သမီးကလေး၊ အရိပ်တကြည့်ကြည့်ဖြစ်နေရတဲ့သမီးကလေးကိုမှ သေမင်းရယ် ခေါ်သွားရက်တယ်နော်။

သမီးကလေးဆုံးပြီးတဲ့နောက် လောကကြီးမှာနေရတာမပျော်တော့ပါဘူး။ ကျွန်တော့်ဘဝကြီး ဘာမှအဓိပ္ပာယ်မရှိတော့ပါဘူး။ အိမ်ပြန်လာရင် အသံစာစာလေးနဲ့ ဆီးကြိုတဲ့သမီးကလေးလဲ မရှိတော့တာမို့ အိမ်မှာလဲ နေချင်စိတ်မရှိဘူး။

ညဘက်အိပ်မပျော်တိုင်း ဆေးလိပ်ထသောက်တယ်။ ဆေးလိပ်သောက်တာများလာတော့ ချောင်းပိုဆိုး၊ အိပ်ရေးပျက်တာပါများလာတော့ လူကပိန်လိုက်တာ၊ အစာလဲမှန်မှန်မစားဖြစ်တော့ အားနည်းလာပါတယ်။

ဝမ်းကွဲညီတွေက ဆရာဝန်တွေဆိုတော့ ကျွန်တော့်ကို ဆေးစစ်ကြည့်ရမယ်ဆိုပြီး အတင်းဆေးစစ်ပေးကြပါတယ်။ အဖြေကတော့ အဆုတ်ကင်ဆာတဲ့။

အဆုတ်ကင်ဆာမှန်းသိရတော့ ကျွန်တော့်ကို ဆေးရုံတင် ဆေးကုပေးကြပါတယ်။ ဝမ်းကွဲညီတွေ၊ ညီမတွေ၊ ကျွန်တော့် မောင်နှမအရင်းအချာတွေက ဆေးရုံမှာ လာစောင့်ရှောက်ပေးကြပါတယ်။ ဆေးသွင်းနေရလို့ ကုန်ကျစရိတ်များနေတာကိုလဲ ပံ့ပိုးပေးကူညီကြပါတယ်။

ဆေးရုံမှာ ဆေးသွင်းရတဲ့ရက်တွေမှာတော့ ထူထူထောင်ထောင်ဖြစ်ပေမဲ့ အိမ်မှာနေရတဲ့ ရက်တွေမှာ အားမရှိလို့လားမသိ နေလို့မကောင်းပါဘူး၊

အိပ်မပျော်တဲ့ ညဘက်တွေမှာဆိုရင် ဆုံးသွားတဲ့ အဖေ၊ အမေတို့မျက်နှာ၊ သမီးလေးရဲ့ မျက်နှာတွေ တစ်လှည့်စီပေါ်လာနေပြီး ကိုယ်ချစ်ရတဲ့သူတွေ မရှိတော့တဲ့လောကမှာ ဆက်နေချင်စိတ်လဲ မရှိတော့ပါဘူး။

ဆိုးရွားလှတဲ့ အဆုတ်ကင်ဆာဆိုတဲ့ ရောဂါကြီးကိုလဲ ဆက်မကုချင်တော့ပါဘူး။ ကျွန်တော် လက်မြောက်အရှုံးပေးချင်လာပါပြီ။

ညတုန်းကအိပ်မက်ထဲမှာ သမီးကလေးနဲ့တွေ့တယ်။ သမီးကလေးက လှလှပပလေးပြင်ဆင်လို့ ပြုံးရွှင်နေတဲ့ သမီးကလေးကိုတွေ့ရတာ ကျွန်တော် ဝမ်းသာလိုက်တာ။

သမီးကလေးနဲ့ တွေ့ရတဲ့ အိပ်မက်ထဲက ကျွန်တော် မထွက်ချင်တော့ဘူး။ ကျွန်တော်အိပ်မက် ဆက်မက်နေပါရစေ။ ကျွန်တော့်ကို မနှိုးကြပါနဲ့တော့။

# ကလေးမြို့နယ်တွင် ကြက်သွန်နီ ၁၃၄၂ ဧကနုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၄၆၃၂ ဒသမ ၅၈ ပိဿာထွက်ရှိ



**ကလေး မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၁၃၄၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၆၅၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၄၂ ဧကနုတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၆၃၂ ဒသမ ၅၈ ပိဿာထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၂၆၅၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ လက်ရှိမှာတော့ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၃၄၂ ဧကနုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီဈေးကွက် ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကြက်သွန်နီကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ကျောင်းကုန်း မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းဗိုလ်ကိတ်ပဲ ၁၆ ပြည်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျောင်းကုန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။



ကျောင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဗိုလ်ကိတ်ပဲများကို ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များမှဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖေဖော်ဝါရီ တစ်လအတွင်းက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းလာပါတယ်။ ဒေသထွက် ပဲတွေကို ရန်ကုန်မြို့ကို ပဲအများဆုံးတင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့ကုန်တက်လာတော့ ကုန်သည်တွေအပြင် လုပ်သားတွေပါ အဆင်ပြေနေပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သော ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ခံဘူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ခံဘူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၂၄ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၄ ဒသမ ၂၅၀ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်စာရင်း၊ ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး အတိုး၊ အရင်းများကို သတ်မှတ်ကာလအတွင်း ပေးသွင်းကြရန် မှာကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခံဘူးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၆ ဦးကို ငွေကျပ် ၄၇ ဒသမ ၈၅၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂ ဒသမ ၆ သန်း၊ အရောင်းဝယ်လုပ်ငန်းလုပ်ကိုင်သူ ၉ ဦးကို ၄ ဒသမ ၄ သန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၉ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၃ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၄ ဒသမ ၂၅၀ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

## မေတ္တာရှေးရှု ကောင်းမှုပြု

– အမုန်းမဖက်ပါနဲ့
ကျင့်သုံးလျက် ပေးမေတ္တာ၊
လောကဝယ် လူသားချင်း
ဆွေရင်းပမာ၊
တစ်ဦးနဲ့တစ်ဦး ဖေးကူကာ
တွဲလက်သာ ခိုင်မာမြဲ၊
မာနတွေ ခဝါချ
လှပနေ့စွဲ။

– အပြစ်မပြောပါနဲ့
လူသဘောကို ဆင်ခြင်၊
ကောင်းတာကို ရှာဖွေကြည့်
တွေ့ရှိအမြဲပင်၊
နှလုံးသား ချစ်စိတ်ဝင်
အမုန်းမမြင် လူ့တန်ဖိုး၊
မိမိကိုယ် အစဉ်တွေးရှု
ထုဆစ်ကာကြိုး။

– အပြစ်မမြင် အမုန်းမဖက်
ရိုးသားလျက် ကြိုးစားပါ၊
လောကဝယ် ဂုဏ်သတင်း
မွှေးသင်းပေမှာ၊
မိမိသမိုင်း မိမိသာ
ရေးထိုးကာ ရှေ့ဆက်
နိုင်ရာဝန် ကိုယ်စီထမ်း၊
အများအကျိုးကို
ကြိုးပမ်းဆောင်ရွက်။ ။

**ချစ်သက်(မြန်မာစာ)**

# ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကြံခင်း မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြို့ပင်စုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ ကြို့ပင်စုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ကျေးရွာသူ၊ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာ၌ လမ်းအရှည်ပေ ၆၈၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေ ခုနစ်သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်ယခုနှစ် ဇန်နဝါရီလ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# တရားမမှုများတွင် အဆိုအချေများသည် ပဓာနကျခြင်း

စိန်လှိုင်ဗိုလ်

တရားမမှုများကို ဆုံးဖြတ်ရာတွင် အမှုသည်တို့၏ အဆိုလွှာ အချေလွှာများအပေါ် အခြေခံလျက် အဆုံးအဖြတ်ပေးရကြောင်း သိရှိကြမည်ဖြစ်ပါသည်။ အချေလွှာတွင် တိကျစွာ ငြင်းဆိုထားခြင်းမရှိသည့် အချက်နှင့်ပတ်သက်၍ စိစစ်ရမည်ဖြစ်ပြီး ရုံးရှေ့ရောက်တွင်မှ တရားပြိုင်ဘက်က လက်ရေးလက်ဗွေပါရဂူတို့၏ သက်သေခံချက်ကို တင်ပြမည်ဆိုပါက လက်ခံရန်သင့်၊ မသင့်နှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်ထုံးဖွဲ့ထားသောအမှုတစ်ခုမှာ အများပြည်သူသိသင့်သိထိုက်သည်ဖြစ်၍ ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။

အမှုတစ်ခုတွင်ဖြစ်ပါသည်။ ဦးသန်းအောင်ပါလေးဦးတို့က ဦးထွန်းပါ ခုနစ်ဦးတို့အပေါ် အချင်းဖြစ်သည့် ရန်ကုန်မြို့၊ ကန်တော်မင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် (၂၈-အေ) ၊ ဧရိယာ(၃၃၅)ကေရှိ ဘိုးဘပိုင်မြေကွက်နှင့် ၎င်းမြေကွက်အပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဆင်းဒဝစ်လမ်း၊ အမှတ်(၆၈)ဟု ခေါ်တွင်သည့် နှစ်ထပ်တိုက်နှင့် ၎င်းနှင့်စပ်လျဉ်းသော အဆောက်အအုံငယ်များသည် ဦးသန်းအောင်ပါလေးဦးတို့ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ဒီကရီ ရလိုမှုစွဲဆိုခဲ့ပါသည်။

အချင်းဖြစ်သည့်မြေနှင့် အဆောက်အအုံတို့ကို မူလက ဗမာ၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် ဦးမောင်မောင်နှင့် ဒေါ်သန့် (ကွယ်လွန်သူ)များ ပိုင်ဆိုင်ခဲ့သည်။ အယူခံတရားပြိုင် အမှတ်(၂) မညွှန့်ညွှန့်သည် ဒေါ်သန့်၏တူမဖြစ်၍ အယူခံတရားပြိုင် အမှတ်(၃) ဦးသန်းရွှေသည် ဦးမောင်မောင်၏တူဖြစ်သည်။ အယူခံတရားပြိုင်အမှတ်(၁) ကိုသန်းအောင်မှာ မညွှန့်ညွှန့်၏ ခင်ပွန်းဖြစ်၍ အယူခံတရားပြိုင်အမှတ်(၄) မသန်းနှစ်မှာ ကိုသန်းရွှေ၏ဇနီးဖြစ်သည်။ ဦးမောင်မောင်နှင့် ဒေါ်သန့်တို့တွင် သားသမီးအရင်းအချာ မထွန်းကားခဲ့ပါ။ ဒေါ်သန့်မှာ ၁၉၆၅ ခုနှစ်၊ ဩဂုတ် ၂၇ ရက်တွင် ကွယ်လွန်ခဲ့ပြီး ဦးမောင်မောင်သည် ၁၉၇၀ ခုနှစ်၊ ဇွန် ၁၄ ရက်တွင် ကွယ်လွန်ခဲ့ကြသည်။

ဦးမောင်မောင် ကွယ်လွန်အနိစ္စမရောက်ခင် ၁၉၆၇ ခုနှစ်၊ ဇွန် ၁၅ရက်က မှတ်ပုံတင်စာချုပ်ဖြင့် အယူခံတရားပြိုင်လေးဦးတို့ကို အမွေစား အမွေခံ ကိတ္တိမသားသမီးများအဖြစ် မွေးစားခဲ့သည်။ အချင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ အယူခံတရားပြိုင်များ ပိုင်ဆိုင်သည်ဆိုခြင်းကို အယူခံတရားလိုတို့က နို့တစ်စာပေး၍ ကန့်ကွက်ခဲ့သဖြင့် အမှုစွဲဆိုရခြင်းဖြစ်ကြောင်း အယူခံတရားပြိုင်များ (မူလရုံးတရားလို) က ၎င်းတို့၏ အဆိုလွှာတွင် ဖော်ပြခဲ့သည်။

အယူခံတရားလိုများက အယူခံတရားပြိုင် အမှတ်(၂) မညွှန့်ညွှန့်နှင့် အယူခံတရားပြိုင် အမှတ်(၃) ကိုသန်းရွှေတို့မှာ ဒေါ်သန့်၏တူမနှင့် ဦးမောင်မောင်၏တူများ မဟုတ်ကြောင်း၊ အယူခံတရားပြိုင်တို့ကို ဦးမောင်မောင်က ကိတ္တိမသားသမီးများအဖြစ် မွေးစားခြင်းကို မသိသဖြင့် ငြင်းဆိုကြောင်း၊ အယူခံတရားပြိုင်များကို ဦးမောင်မောင်က ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့်စာချုပ်မှာ မတရားသြဇာလွှမ်းမိုးခြယ်လှယ်ပြီး ချုပ်ဆိုသည့် စာချုပ်ဖြစ်ကြောင်း စသည်ဖြင့် ထုချေခဲ့ပါသည်။ မူလရုံးက အဆိုအချေများပေါ်မူတည်၍ ကောက်ချက်လေးခုထုတ်ခဲ့ပြီး အယူခံတရားပြိုင်တို့ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးလိုက်ပါသည်။ ၎င်းအမိန့်ကို မကျေနပ်၍ ဦးထွန်းပါ ခုနစ်ဦးတို့က ဗဟိုတရားရုံးသို့ အယူခံမှုတင်သွင်းလာခြင်းဖြစ်ပါသည်။

ဗဟိုတရားရုံးတွင် အယူခံမှုနှင့်ပတ်သက်၍ ကြားနာရန် ချိန်းဆိုပြီးနောက် အယူခံတရားလိုများက ဦးမောင်မောင်၏လက်မှတ်နှင့် လက်မဗွေတို့ပါရှိသည့် မှတ်ပုံတင်အမှတ် (၆၈၅/၆၁) အရောင်းအဝယ်စာချုပ်ကို လက်ရေးလက်ဗွေပါရဂူများထံသို့ ပေးပို့၍



နောက်ထပ်အပို သက်သေခံချက်တင်သွင်းခွင့် လျှောက်လွှာတစ်စောင်ကို တရားမကျင့်ထုံး ဥပဒေ အမိန့် -၄၁၊ နည်းဥပဒေ-၂၇ အရ တင်သွင်းခဲ့သည်။ ဗဟိုတရားရုံးက ၎င်းလျှောက်လွှာနှင့်ပတ်သက်၍ ပထမဦးစွာ ဆုံးဖြတ်ပေးခဲ့သည်။

**တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၇(၁)အရ အယူခံမှုတွင် မည်သည့်ဘက်ကမှ အပိုသက်သေခံချက်တင်သွင်းပိုင်ခွင့် မရှိစေရဟု ပြဆိုထားသည်။ သို့ရာတွင် ခြွင်းချက်အားဖြင့် တစ်ဖက်က တင်သွင်းသည့် သက်သေခံချက်ကိုမူ ရုံးကငြင်းပယ်ခဲ့လျှင်သော်လည်းကောင်း သို့မဟုတ် အယူခံရုံးက အဆုံးအဖြတ်ပေးနိုင်ရန် အပိုသက်သေခံချက်လိုအပ်သည်ဟု ယူဆခဲ့လျှင်သော်လည်းကောင်း အယူခံရုံးက ထိုသက်သေခံချက်နှင့်ပတ်သက်၍ ထပ်မံစစ်ဆေးနိုင်သည်ဟု** ဖော်ပြထားသည်ကို ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်ခဲ့ပါသည်။

**ယခုအယူခံတရားလိုတို့ တင်သွင်းသော အရောင်းအဝယ်စာချုပ်မှာ မူလရုံးတွင် တင်သွင်းခွင့်တောင်းခဲ့သော စာချုပ်မဟုတ်ပေ။** ထို့ပြင် ဤစာချုပ်မရှိဘဲလဲ အယူခံမှုကို အဆုံးအဖြတ်ပေးရန်အတွက် သက်သေခံချက်အလုံအလောက်ရှိသည်ဟု ယူဆသည်ဟုသုံးသပ်၍ အယူခံတရားလိုတို့ တင်သွင်းသည့်လျှောက်လွှာကို ဗဟိုတရားရုံးက ပလပ်ခဲ့သည်။

ဤအယူခံမှုတွင် ဆုံးဖြတ်ရန် အဓိကအချက်မှာ အယူခံတရားပြိုင်လေးဦးတို့ကို ဦးမောင်မောင်က ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့်စာချုပ်ချုပ်ဆိုစဉ်အခါက မတရားသြဇာလွှမ်းမိုးခြယ်လှယ်ပြီး ချုပ်ဆိုခဲ့ခြင်းဟုတ်၊ မဟုတ်ဟူသောအချက်ဖြစ်သည်။ ဦးမောင်မောင်က အယူခံတရားပြိုင်တို့ကို ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့် စာချုပ်သည် သက်သေအထောက်အထားများအရ ဥပဒေအရ လုပ်ရိုးလုပ်စဉ်အတိုင်း မှတ်ပုံတင်အရာရှိရုံးတွင် မှတ်ပုံတင်ထားသည့် စာချုပ်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။

၎င်းစာချုပ်ပေါ်တွင် ဦးမောင်မောင် မသေခင်က ၎င်းကို ဆေးလာကုသည့် ဆရာဝန်ကြီးဒေါက်တာဦးရန်ရှင်းက သက်သေတစ်ဦးအဖြစ်ဖြင့် လက်မှတ်ထိုးထားကြောင်း လာ၍သက်သေခံခဲ့သည်။ ဒေါက်တာရန်ရှင်းက ၎င်းမွေးစားစာချုပ်ပေါ်တွင် ၎င်း၏ရှေ့၌ ဦးမောင်မောင်သည် လက်မှတ်ထိုး၍ လက်ဗွေပုံစံနှိပ်ကြောင်း သက်သေခံသွားသည်။ ၎င်းသို့ လက်မှတ်ထိုးစဉ်အခါက ဦးမောင်မောင်သည် အခြားသူတစ်ဦး၏ သြဇာလွှမ်းမိုးခြယ်လှယ်ခြင်းကြောင့် လက်မှတ်ထိုးရသည်ဟု ဒေါက်တာရန်ရှင်း၏ ထွက်ဆိုချက်တွင် မတွေ့ရှိရသည့်အပြင် ဤကဲ့သို့ ဦးမောင်မောင်ကို သြဇာလွှမ်းမိုးခြယ်လှယ်ပြီး စာချုပ်ကို လက်မှတ်ရေးထိုးစေခဲ့သည်ဟု အယူခံတရားလိုများအနေဖြင့် လက်ခံနိုင်လောက်သည့် သက်သေအထောက်အထားလည်း တင်ပြထားခြင်းမရှိရာ အယူခံတရားခံပြိုင်များကို ဦးမောင်မောင်က ကိတ္တိမသားသမီးများအဖြစ်မွေးစား၍ ချုပ်ဆိုသည့် စာချုပ်မှာ မတရားသြဇာလွှမ်းမိုးခြယ်လှယ်၍ ချုပ်ဆိုသည့် စာချုပ်မဟုတ်ဟု ကျွန်ုပ်တို့ယုံကြည်ကြောင်း ဗဟိုတရားရုံးက တိကျပြတ်သားစွာ သုံးသပ်ခဲ့ပါသည်။

၎င်းစာချုပ်ပေါ်တွင် ဦးမောင်မောင် ထိုးထားသည့်လက်မှတ်နှင့် နှိပ်ထားသည့် လက်ဗွေပုံစံတို့မှာ ဦးမောင်မောင်၏လက်မနှင့် လက်ဗွေပုံစံမဟုတ်ကြောင်း အယူခံတရားလိုတို့က လက်ရေးနှင့် လက်ဗွေပါရဂူတို့ကို သက်သေထူခဲ့သည်။ လက်ရေးနှင့် လက်ဗွေပါရဂူများ၏ သက်သေခံချက်မှာ ဧကန်ဒိဋ္ဌမှန်သည်ဟု မူလရုံးက မယူဆသဖြင့် ထိုသက်သေခံချက်ကိုပယ်ခဲ့သည်။ မူလရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်း မရှိဟု ဗဟိုတရားရုံးက ယူဆခဲ့သည်။

လက်ရေးနှင့် လက်ဗွေပါရဂူပညာရှင်များ၏ ထွက်ဆိုချက်များမှာ ထင်မြင်ချက်များသာဖြစ်သည်။ လက်ရေးနှင့် လက်ဗွေစစ်ဆေးသည့်ပညာမှာ လုံးဝဥဿုံတိကျမှန်ကန်သည်ဟု မဆိုနိုင်သေးချေ။ ထို့ကြောင့် လက်ရေးနှင့်လက်ဗွေပါရဂူများ၏ ထင်မြင်ချက်မှာ မည်သို့ပင်ရှိစေကာမူ အခြားဆီလျော်သည့် လက်ခံနိုင်လောက်သော သက်သေအထောက်အထားရှိလျှင် လက်ရေးနှင့် လက်ဗွေပါရဂူတို့၏ သက်သေခံချက်ကို လက်မခံဘဲ နေနိုင်သည်။ ဤအမှုတွင် ဦးမောင်မောင်လက်မှတ်ထိုးစဉ်နှင့် လက်ဗွေပုံစံနှိပ်စဉ်အခါက အနားတွင်ရှိနေသူ ဒေါက်တာဦးရန်ရှင်းကိုယ်တိုင်က ၎င်းရှေ့တွင် လက်မှတ်ထိုးသည်။ လက်ဗွေပုံစံနှိပ်သည်ဟု ထွက်ဆိုထားသည်။ ဒေါက်တာဦးရန်ရှင်းကဲ့သို့ ပုဂ္ဂိုလ်ကြီးတစ်ဦးအနေဖြင့် တရားရုံးတွင် မတရားလိမ်လည်ထွက်ဆိုရန်အကြောင်း မရှိကြောင်း ဗဟိုတရားရုံးက ဝေဖန်ဆန်းစစ်ခဲ့ပါသည်။

ဤအမှုတွင် လက်ရေးနှင့် လက်ဗွေပါရဂူများကို ခေါ်၍ စစ်ဆေးရန်အကြောင်းပင် မပေါ်ပေါက်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားပြိုင်တို့ တင်သွင်းသည့် **ချေလွှာတွင် ဦးမောင်မောင်က အယူခံတရားပြိုင်တို့ကို ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့် စာချုပ်ပေါ်တွင် ထိုးထားသည့် လက်မှတ်များသည် ဦးမောင်မောင်၏ လက်မှတ်မဟုတ်။ လက်ဗွေပုံစံမဟုတ် အတုများသာဖြစ်သည်ဟု ထုချေထားခြင်းမရှိသောကြောင့်** ဖြစ်သည်ဟု ဗဟိုတရားရုံးက ထောက်ရှုဝေဖန်ခဲ့ပါသည်။

တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ အချက်များကို အခြေခံလျက် အဆုံးအဖြတ်ပေးရမည်သာဖြစ်ပေသည်။ ထို့ကြောင့် အယူခံတရားလိုများသည် ၎င်းတို့၏ ချေလွှာတွင် မွေးစားစာချုပ်ပေါ်ရှိ လက်မှတ်နှင့်လက်ဗွေတို့မှာ ဦးမောင်မောင်၏ လက်မှတ်နှင့် လက်ဗွေမဟုတ်ဟု တိကျစွာငြင်းဆိုထားခြင်းမရှိသည့်အတွက် ဦးမောင်မောင်၏ လက်မှတ်မဟုတ်။ လက်ဗွေမဟုတ်ဟု တင်ပြထားသည့် လက်ရေးလက်ဗွေပါရဂူတို့၏ သက်သေခံချက်များကို လက်မခံသင့်ကြောင်း၊ အမှုဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရန်မသင့်ကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်၍ အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။

**ဦးထွန်းပါ ၇ နှင့် ဦးသန်းအောင်ပါ ၄၊ ၁၉၇၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၄၉** စီရင်ထုံးဖြစ်ပါသည်။ ၎င်းစီရင်ထုံးက တရားမမှုများကို အဆုံးအဖြတ်ပြုရာတွင် အဆိုအချေများအပေါ် အခြေခံလျက် အဆုံးအဖြတ်ပေးရကြောင်းနှင့် ချေလွှာတွင် တိကျစွာ ငြင်းဆိုထားခြင်းမရှိသည့်အချက်နှင့်ပတ်သက်၍ပေးသည့် လက်ရေးလက်ဗွေပါရဂူတို့၏ သက်သေခံချက်ကို လက်ခံရန်မသင့်ကြောင်း အမှုဆုံးဖြတ်ရာတွင် ထည့်သွင်း၍ မစဉ်းစားသင့်ကြောင်း ဗဟိုတရားရုံး၏ ဆုံးဖြတ်ချက်ကို သိရှိလိုက်နာကြရန်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကလေးခရိုင်တွင် ပဲကြီး ၃၄၂၅ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၉ ဒသမ ၉၈ တင်းထွက်ရှိ



**ကလေး မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ပဲကြီး ၃၄၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၉ ဒသမ ၉၈ တင်းထွက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၇၀၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၂၈၇ ဧက၊ မင်းကင်းမြို့နယ်တွင် ၃၁၃၈ ဧက စုစုပေါင်း ၃၄၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲကြီး ၇၀၅၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကြီးခင်းတွေ အခုလက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

(၂၀၆)

# မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းပြီးစီးမှု စစ်ဆေး

**မြိတ် မတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝန်ဖို့ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဝန်ဖို့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေသားနှင့် ရိုစာခင်းခြင်းလုပ်ငန်းနှင့် Box Culvert သုံးစင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ အရှည် ၆၀၇၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေသားနှင့် ရိုစာခင်းခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ်ခြောက်ပေ၊ အမြင့်ခြောက်ပေရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၈ ဒသမ ၉၂၅ သန်းဖြင့် စိုးစံထွန်းကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကိုညို

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းသီးအစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းသီးအစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ကွမ်းသီးအစိမ်း အလုံးရေ ၅၈၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ကွမ်းသီးအစိမ်း အလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအစိမ်း အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်ပဈေးကွက်က ဝယ်ယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီး



ကတော့ အရည်အသွေးကောင်း ဖို့ သန့်ရှင်းဖို့လဲ လိုပါတယ်။ လက် ရှိ ကွမ်းသီးအစိမ်း အလုံး ၁၀၀ ကို ငွေကျပ် ၁၃၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအစိမ်းတွေ အများအပြားတင်ပို့မှုများလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး စနစ်တကျ ရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းဖြတ်မြို့နယ် ရှေခင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် မတ် ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှေခင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှေခင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ



# ကဝမြို့နယ် ဖလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကဝ မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ဖလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက ဖလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၅၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၀ သန်း ဖြင့် ၂၀၂၄ ခုနှစ်ဒီဇင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကာ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။

အေးမြတ်

## ဆွစ်ဇာလန်သိပ္ပံပညာရှင်များက အယ်လ်ပ်ရေခဲတောင် အရည်ပျော်ကျမှုပြဿနာကို ဖြေရှင်းမည်



**ဘန်း မတ် ၂၅**

ကမ္ဘာ့အကြီးဆုံး ရေခဲတောင်တစ်ခုဖြစ်သော အယ်လ်ပ်ရေခဲတောင်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေခဲတောင်အရည်ပျော်ကျမှုနှုန်း မြင့်တက်လာခြင်းပြဿနာကို ဖြေရှင်းရန်အတွက် ဆွစ်ဇာလန်နိုင်ငံမှ သိပ္ပံပညာရှင်များအသင်းက ဖြေရှင်းသွားရန် စီစဉ်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂအဖွဲ့အစည်းမှ သုတေသီများက ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေခဲတောင်များတွင် အရည်ပျော်ကျမှုနှုန်းမှာ ပြီးခဲ့သည့်သုံးနှစ်တာကာလအတွင်း အဆိုးရွားဆုံး အရည်ပျော်ကျမှု ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း၊ ဆွစ်ဇာလန်နိုင်ငံ သိပ္ပံပညာရှင်များအသင်းက ကမ္ဘာကြီးပူနွေးမှုကို လျှော့ချနိုင်ပါက ရေခဲတောင်အရည်ပျော်ကျမှုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ဆွစ်ဇာလန်နိုင်ငံ ဧရိယာအတွင်းရှိ အယ်လ်ပ်ရေခဲတောင်၏အစိတ်အပိုင်းများတွင် ရေခဲတောင်အရည်ပျော်ကျမှုကို Glacier Monitoring Switzerland (GLAMOS)က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ ရာသီဥတုပြောင်းလဲမှုပြဿနာကြောင့် ရေခဲတောင်တစ်ခုလုံးနီးပါး အရည်ပျော်သွားနိုင်တဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ရေခဲတောင်အရည်ပျော်ကျမှု ပြဿနာကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်သွားရမယ်။ အဓိက ကတော့ ကမ္ဘာကြီးပူနွေးမှုကို လျှော့ချနိုင်ဖို့ လိုအပ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ကမ္ဘာကြီးပူနွေးမှုပမာဏထက် လျှော့ချနိုင်မယ်ဆိုရင် ရေခဲတောင်အရည်ပျော်ကျမှုပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်"ဟု Glacier Monitoring Switzerland (GLAMOS)၏ ဒါရိုက်တာ မားသီးယပ်စ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ကင်ညာနိုင်ငံတွင် မြွေကိုက်ခံရသည့် ဖြစ်စဉ်များတိုးလာနေပြီး ရာသီဥတု ပြောင်းလဲမှုများနှင့် ဆက်စပ်နေ

**နိုင်ရိုဘီ မတ် ၂၅**

ကင်ညာနိုင်ငံတွင် မြွေကိုက်ခံရသည့်ဖြစ်စဉ်များမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုအဖြစ်များလာပြီး ထိုသို့ဖြစ်ရခြင်းမှာ ရာသီဥတုပြောင်းလဲခြင်းနှင့်အတူ လူတို့၏နေရာထိုင်ခင်းချဲ့ထွင်မှုများက မြွေများအတွက် လူတို့နှင့် ပိုမိုနီးကပ်စေသကဲ့သို့ဖြစ်ရာမှ ပိုမိုဖြစ်ပွားလာခြင်းဖြစ်ကြောင်း ကင်ညာ မြွေအန္တရာယ်သုတေသနနှင့် ဖြေရှင်းရေးစင်တာမှ လက်ထောက်ညွှန်ကြားရေးမှူး ဂျော့အိုလူဝါက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် လူတို့နေရာထိုင်ခင်းချဲ့ထွင်ရာမှ အဆိပ်ရှိသောမြွေများကို လူတို့နှင့်နီးကပ်စေသကဲ့သို့ဖြစ်ရာမှ မြွေကိုက်ခံရသည့်ဖြစ်စဉ်များ တိုးလာနေကြောင်း၊ ကီကျူးအိုင်ကောင်တီတွင် နှစ်စဉ်မြွေကိုက်ခံရသည့်ဖြစ်စဉ်ပေါင်း ၈၀၀ ကျော်မှတ်တမ်းတင်ထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြွေကိုက်ခံရသည့်ဖြစ်စဉ်ပေါင်း ၂၀၀၀၀ ခန့်ရှိရာ သေဆုံးသူအရေအတွက်မှာ နှစ်စဉ် ဦးရေ ၄၀၀၀ ခန့်ရှိကြောင်း ကီကျူးအိုင်ကောင်တီ၏ ပြည်သူ့ကျန်းမာရေးနှင့် သန့်ရှင်းရေးဌာန အကြီးအကဲ လန်ကွီတန်က ပြောကြားခဲ့သည်။

"မြွေတွေက ပတ်ဝန်းကျင်ပြောင်းလဲမှုဒဏ်ကို အလွန်ပဲအကဲဆတ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် လူတွေရဲ့ရွှေ့ပြောင်းနေထိုင်မှုဖြစ်စဉ်တွေက သူတို့နေရာတွေကို ပျက်စီးစေတဲ့အပြင် အစားအစာရှားပါးမှုကြောင့် လူတွေနဲ့ ပိုမိုနီးကပ်ရာကနေ အခုလိုဖြစ်စဉ်တွေ ပိုမိုဖြစ်ပွားစေတာပါ"ဟု ကင်ညာမြွေအန္တရာယ်သုတေသနနှင့် ဖြေရှင်းရေးစင်တာမှ လက်ထောက်ညွှန်ကြားရေးမှူး ဂျော့အိုလူဝါက ပြောကြားခဲ့သည်။

မြွေကိုက်ခံရသည့် ဖြစ်စဉ်များ ပိုမိုဖြစ်ပွားလာခြင်းကြောင့် အဆိပ်ဖြေဆေးသုံးစွဲရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရှေးဦးသူနာပြုစုခြင်းများကို တိုးချဲ့ပညာပေးရန်လိုအပ်လျက်ရှိရာ ရာသီဥတုပြောင်းလဲမှုသည် မြွေတို့၏အမူအကျင့်အပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်း၊ သုတေသနလုပ်ငန်းများဆက်လက်လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း ဂျော့အိုလူဝါက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : AZH

## ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသအများအပြားတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၂၈၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားရ

**တိုကျို မတ် ၂၅**

ဂျပန်နိုင်ငံ အနောက်ပိုင်းရှိ ဒေသအများအပြားတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၂၈၀၀ ကျော်ကို ဘေးလွတ်ရာသို့ မတ် ၂၄ ရက်က ရွှေ့ပြောင်းပေးထားရကြောင်း သက်ဆိုင်ရာအာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်းရှိ အိုကာယာမာစီရင်စုနှင့် အီဟိမီစီရင်စုတို့တွင် မတ် ၂၃ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုများ စတင်ဖြစ်ပွားလျက်ရှိရာ အနည်းဆုံးလူနှစ်ဦးဒဏ်ရာရရှိပြီး လူဦးရေ ၂၈၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကာ ရာနှင့်ချီသောမီးသတ်သမားများက မီးငြိမ်းသတ်ရေးရဟတ်ယာဉ်များအသုံးပြု၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများတွင် တောမီးလောင်ကျွမ်းမှုသည် မတ် ၂၃ ရက်တွင် စတင်ဖြစ်ပွားခဲ့ပြီး မတ် ၂၄ ရက်ထိ မီးငြိမ်းသတ်နိုင်ခြင်းမရှိသေးဘဲ တောမီးလောင်ကျွမ်းမှုကြောင့် အိုကာယာမာစီရင်စုရှိ အိုကာယာမာမြို့တွင် နေအိမ်ခြောက်လုံး မီးကူးစက်လောင်ကျွမ်းခဲ့သကဲ့သို့ အီဟိမီစီရင်စုရှိ အီမာဘာရီမြို့တွင်လည်း တောမီးငြိမ်းသတ်ရာမှ မီးသတ်သမားတစ်ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



အိုကာယာမာစီရင်စုတွင် တောမီးလောင်ကျွမ်းမှုသည် ကိုင်ဂါရာတောင်ပေါ်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မတ် ၂၄ ရက်ထိ သစ်တောဧက ၆၀၀ ခန့် လောင်ကျွမ်းခဲ့ပြီးဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ အကြောင်းအရင်းအတိအကျကို ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း တာဝန်ရှိသူများက ပြောကြားထားသည်။

Ref : Sputnik News
Trs : AZH

## နယူးဇီလန်နိုင်ငံ တောင်ကျွန်းအနီးတွင် ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဝယ်လင်တန် မတ် ၂၅**

နယူးဇီလန်နိုင်ငံ တောင်ကျွန်းအနီးတွင် ယနေ့နံနက် အစောပိုင်းက ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း National Emergency Management Agency (NEMA) က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ပြင်းအားများသည့် ငလျင်လှုပ်ခတ်မှုကြောင့် နောက်ဆက်တွဲပြဿနာဖြစ်သည့် ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်ဖွယ် ရှိကြောင်း National Emergency Management Agency(NEMA)က သတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း သတိပေးချက်ထုတ်ပြန်ပြီး နာရီပိုင်းအကြာတွင် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့် ဧရိယာရှိ ရေနေရိယာတွင် လှိုင်းလုံးကြီးများဖြစ်ပေါ်ခဲ့ပြီး အဆိုပါလှိုင်းလုံးများက လူနေရပ်များသို့ ရောက်ရှိလာဖွယ်မရှိသည့်အတွက် ဆူနာမီလှိုင်းသတိပေးချက်ကိုပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တောင်ကျွန်းမှာ ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ ငလျင်အားကောင်းတဲ့အတွက် ဆူနာမီလှိုင်း ဖြစ်ပေါ်လာနိုင်တာကြောင့် ဆူနာမီလှိုင်းအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ ဆူနာမီလှိုင်းက ငလျင်လှုပ်ခတ်ခဲ့တဲ့ဧရိယာအနီးမှာပဲ ဖြစ်ပေါ်နိုင်ပြီး လူနေရပ်ဆီကို ရောက်မလာနိုင်တဲ့အတွက် ဆူနာမီလှိုင်းသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့တာ ဖြစ်ပါတယ်"ဟု National Emergency Management Agency(NEMA)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## တောင်ကိုရီးယားနိုင်ငံ ဆန်ချွန်းကောင်တီတောင်ပိုင်းသို့ တောမီးဆက်လက်ကူးစက်လောင်ကျွမ်းနေ

**ဆိုးလ် မတ် ၂၅**

တောင်ကိုရီးယားနိုင်ငံ ဆန်ချွန်းကောင်တီအနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားနေသော်လည်း မိုးလေဝသအခြေအနေကြောင့် တောမီးသည် ဆန်ချွန်းကောင်တီ တောင်ဘက်ပိုင်းသို့ ဆက်လက်ကူးစက်လောင်ကျွမ်းနေကြောင်း တောင်ကိုရီးယား မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခဲ့သည့်အတွက် နိုင်ငံတော်အဆင့်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ရပြီး တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ထိခိုက်သေဆုံးသူ ၁၅ ဦးရှိကြောင်း၊ ဆန်ချွန်းကောင်တီတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ် ၃၀ ကျော် ပျက်စီးခဲ့ပြီး ဆက်လက်ကူးစက် လောင်ကျွမ်းနေသော ဧရိယာများ၌ ကြီးမားသောပျက်စီးမှုများဖြင့် ထပ်မံရင်ဆိုင်သွားရဖွယ်ရှိနေကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ယနေ့ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူဦးရေ ၃၃၀၀ ကျော်ရှိနေပြီဖြစ်ပြီး ယာယီကယ်ဆယ်ရေး စခန်းများတွင်နေရာချပေးထားရကာ တောမီးဆက်လက်ကူးစက်လောင်ကျွမ်းလာသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား ထပ်မံတိုးမြှင့်ထားပြီး လေကြောင်းအကူအညီကိုပါ ရယူထားကြောင်း သိရသည်။

"ဆန်ချွန်းကောင်တီမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ ဆန်ချွန်းကောင်တီ တောင်ဘက်ပိုင်းကို ဆက်လက်ကူးစက်နေပါတယ်။ ယူအီဆောင်းကောင်တီဘက်ကို တောမီးကူးစက်လောင်ကျွမ်းနေတာ ဖြစ်ပါတယ်"ဟု တောင်ကိုရီးယား မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# သစ်သီးဥယျာဉ်တည်စတွင် သီးညှပ်စနစ်ဖြင့် မြေနေရာကိုအကျိုးရှိစွာအသုံးချခြင်း

စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် မြေနှင့်ရေကို ထိရောက်စွာ အသုံးချနိုင်ရန် လွန်စွာအရေးကြီးပါသည်။ မြေဟုဆိုရာတွင် မြေကြီးအတွင်းရှိ မြေဆီဩဇာအာဟာရဓာတ်များကိုသာမကဘဲ မြေနေရာအကျယ်အဝန်းနှင့် မြေထုရှိသမျှကို သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ထိရောက်စွာ အသုံးပြုနိုင်ရန်လိုအပ်ပါသည်။ သီးနှံများအနက် သစ်သီးဝလံများကို စတင်စိုက်ပျိုးရာတွင် ရေရှည်တွင်ရှိလာနိုင်မည့် အပင်အရွယ်အစားအပေါ်မူတည်ပြီး မြေနေရာကျယ်ဝန်းစွာလိုအပ်မှုကြောင့် အဆိုပါမြေနေရာ ဥယျာဉ်စတင်တည်စတွင် စတင်ပြင်ဆင်မှုပြုလုပ်ကြရပါသည်။ မြန်မာနိုင်ငံ၌ ရေမြေရာသီဥတုပေါ်မူတည်ပြီး နိုင်ငံအနှံ့ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုများစွာရှိနေကာ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဝင် သစ်သီးအမျိုးအစားများကို နေရာဒေသအလိုက် ယနေ့အချိန်တွင် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြပါသည်။

သစ်သီးဥယျာဉ်များတွင် သက်တမ်းနုနယ်ပြီး ကြီးထွားမှုမြန်သည့် သီးနှံပျိုးပင်များကို စတင်စိုက်ပျိုးရသည်ဖြစ်သော်လည်း ကြီးထွားလာနိုင် မည့် အပင်အရွယ်အစားကြောင့် ပင်ခြား၊ တန်းခြား အကွာအဝေးများကို သတ်မှတ်ထားသည့်အတိုင်း စိုက်ပျိုးကြရာတွင် အပင်ငယ်များကြား၌ မြေကွက်လပ်များစွာရှိသည်။ သစ်သီးပင်များကို စိုက်ပျိုးရာတွင် ပင်ခြား၊ တန်းခြား အကွာအဝေးကို ယေဘုယျအားဖြင့် ယခင်က ပေ ၂၀ ခန့်ထားရှိကြသော်လည်း ယနေ့အချိန်အခါတွင်မူ ပင်ခြား၊ တန်းခြားကို ၁၀ ပေမှ ၁၅ ပေခန့်ထိထားရှိပြီး အပင်များ၏အရွယ်အစားကိုလည်း အပင်ပြုစုစောင့်ရှောက်မှုလွယ်ကူစေရန်အတွက် သစ်သီးဥယျာဉ်လုပ်ကိုင်သူများ အသုံးပြုလာကြသည့်စနစ်ဖြစ်သည်။

၎င်းစနစ်သည် စိုက်ဧရိယာအတွင်း အပင်ဦးရေဝင်ဆံ့မှုကိုလည်း ပိုမိုမြင့်တက်လာစေသဖြင့် စီးပွားရေးအကျိုးအမြတ်ပိုမိုရရှိနိုင်သည်။ သရက်၊ ကျွဲကော၊ လိုင်ချီး၊ ကြက်မောက်၊ မင်းကွတ်၊ ပိန္နဲ၊ ဒူးရင်း၊ လိမ္မော်နှင့် ထောပတ်စသောသစ်သီးဥယျာဉ်လုပ်ကိုင်သူများတွင် စတင်ကျင့်သုံးလာနေကြသည့်စနစ်လည်းဖြစ်ပါသည်။ မည်သို့ဆိုစေကာမူ သစ်သီးဥယျာဉ်တည်စကာလတွင် ငွေကြေးပြန်ရချက်မရှိသည့်အပြင် အပင်ငယ်ကို ပျက်စီးထိခိုက်မှုမရှိအောင် ပြုစုရခြင်း၊ ခြောက်သွေ့ရာသီများတွင် စိုက်ပျိုးရေပေးသွင်းရခြင်းနှင့် မြေဩဇာများထည့်သွင်းပေးရခြင်းများသည် ငွေကြေးအရင်းအနှီးများသည်။ ထို့ပြင် မြေကွက်လပ်များကို ထိရောက်စွာအသုံးမချနိုင်ပါက စိုက်ပျိုးသော သက်တမ်းငယ်သီးနှံပင်၏ ရှင်သန်ကြီးထွားမှုကို နှောင့်နှေးထိခိုက်စေနိုင်သကဲ့သို့ ပိုးမွှားရောဂါများကြောင့် ပျက်စီးဆုံးရှုံးမှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ရရှိသောမြေနေရာကို ထိရောက်စွာအသုံးပြုနိုင်သည့်နည်းလမ်းများအနက် သီးညှပ်စိုက်ပျိုးခြင်းသည် လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများကို အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ပြီး မြန်မာနိုင်ငံကဲ့သို့ အပူပိုင်းမုတ်သုံဒေသများတွင် ကျယ်ပြန့်စွာကျင့်သုံးလေ့ရှိသောစိုက်ပျိုးမှုစနစ်ဖြစ်သည်။ သီးညှပ် စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးသည် စတင်တည်ထောင်ခါစ သစ်သီးဥယျာဉ်များအတွက်နှင့် ဥယျာဉ်ပိုင်ရှင်များအတွက်လည်း လွန်စွာများပြားလှပါသည်။

**❖သစ်သီးဥယျာဉ်တည်စတွင် သီးညှပ်သီးနှံများကို ထည့်သွင်းစိုက်ပျိုးခြင်းသည် မြေဆီလွှာ၏ဂုဏ်သတ္တိကိုလည်း တိုးတက်ပြောင်းလဲစေပါသည်။ အထူးသဖြင့် သစ်ဆွေးဓာတ်ကို မြင့်တက်လာစေပြီး သီးညှပ်သီးနှံထည့်သွင်းပြီး ဒုတိယနှစ်တွင် သစ်သီးဥယျာဉ်အတွင်း တိုးတက်မှုကို စတင်တွေ့ရှိရမည်ဖြစ်ပါသည်။ အလားတူပင် မြေ၏ချဉ်ငံဓာတ်ကိုလည်းမြင့်မားလာစေသဖြင့် အပင်အတွက် လိုအပ်သော အာဟာရဓာတ်များကိုလည်း မြေကြီးအတွင်း ပိုမိုရရှိလာစေသဖြင့် အကျိုးဖြစ်ထွန်းသည့်လုပ်ဆောင်မှုဖြစ်သည်။ ❖**

လုပ်ကွက်ကြီးဥယျာဉ်ပိုင်ရှင်ဖြစ်စေ၊ လုပ်ကွက်ငယ်ဥယျာဉ်ပိုင်ရှင်ဖြစ်စေ သစ်သီးဥယျာဉ်တစ်ခု တည်ထောင်ပါက အချိန်ကာလနှင့် ငွေကြေးပမာဏအတိုင်းအတာတစ်ခုကို ရင်းနှီးမြှုပ်နှံရသဖြင့် သင့်တော်သောသက်တမ်းတိုသီးနှံများကို ပင်မသစ်သီးပင်ငယ်များအကြားရှိ မြေကွက်လပ်များတွင် ပထမနှစ်မှ စတုတ္ထနှစ်ကာလများထိ သီးညှပ်စိုက်ပျိုးခြင်းဖြင့် သီးညှပ်သီးနှံများမှဝင်ငွေအကျိုးအမြတ်ရရှိစေခြင်း၊ လုပ်သားအင်အား၊ ရေနှင့် သီးနှံသွင်းအားစုများကို ပိုမိုထိရောက်စွာအသုံးချနိုင်ခြင်း၊ မလိုလားအပ်သော ပေါင်းမြက်များ ပေါက်ရောက်ရှင်သန်မှုနှင့် ရောဂါပိုးမွှားများ ခိုအောင်းရှင်သန်နိုင်မှုများကို ဟန့်တားနိုင်ခြင်းနှင့် သက်ရှိယန္တရားပြည့်ဝသော မြေဂေဟစနစ်နှင့် မြေ၏ဂုဏ်သတ္တိကောင်းမွန်မြင့်တက်လာစေခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ယေဘုယျရရှိစေနိုင်ပါသည်။

ထိုသို့သီးညှပ်စိုက်ပျိုးရာတွင်မူ ပင်မသစ်သီးပင်နှင့် သဟဇာတရှိပြီး ရေနှင့်မြေအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်မည့် သက်တမ်းတို သီးနှံများကိုတွဲစပ်စိုက်ပျိုးရသည့်အတွက် ဥယျာဉ်ပိုင်ရှင်၏ စီးပွားရေးအကျိုးအမြတ်အတွက်သော်လည်းကောင်း၊ ဂေဟစနစ်အတွက်သော်လည်းကောင်း မှန်ကန်သော သီးနှံများဖြစ်ရန်လွန်စွာအရေးပါသည်။ သာမန်အားဖြင့် သစ်သီးဥယျာဉ်များတွင် သီးညှပ်သီးနှံစိုက်ပျိုးခြင်းကြောင့် လုပ်အားနှင့်ကုန်ကျစရိတ်များ ပိုမိုလိုအပ်လာရမည်မဟုတ်ဘဲ ပင်မသီးနှံကို ပြုစုစောင့်ရှောက်ရင်းနှင့်ပင် သီးညှပ်သီးနှံအတွက် အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမရှိဘဲ အသုံးချနိုင်ပါမှ ပိုမိုအကျိုးထိရောက်မှုရှိသည့် စနစ်ဖြစ်မည်ဖြစ်သည်။ မိုးရာသီကို အဓိကမှီခိုပြီး သစ်သီးဥယျာဉ်များ စတင်တည်ထောင်သည့်အချိန်တွင် ပေါင်းမြက်နှိမ်နင်းရခြင်းနှင့် ခြောက်သွေ့ရာသီရောက်ရှိချိန်တွင် အပင်ငယ်များကို ရေနှင့်အာဟာရပေးသွင်းရခြင်းများသည် မဖြစ်မနေ လုပ်ဆောင်ရသည့်လုပ်ငန်းများဖြစ်သည့်အတွက် ထိုလုပ်ငန်းများမှတစ်ဆင့် အကျိုးအမြတ်ထွက်ရှိအောင် လုပ်ဆောင်နိုင်ရန်လိုအပ်သည်။ အခြားတစ်ဖက်တွင်မူ ပင်မသီးနှံကြားမြေကွက်လပ်၌ သွင်းအားစုလိုအပ်သည့် ဟင်းသီးဟင်းရွက်များကို သီးညှပ်သီးနှံအဖြစ် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ထည့်သွင်းသောသွင်းအားစုများ၏ အကျိုးကျေးဇူးကို ပင်မသစ်သီးပင်ငယ်များက တစ်ပါတည်းရရှိနိုင်သည်။

သီးညှပ်သီးနှံများအနက် တည်ထောင်စ သစ်သီးဥယျာဉ်များအတွက် အဓိကသင့်လျော်သောသီးနှံများမှာ ပဲ၊ ပြောင်း၊ ပီလောပီနံ၊ စပါးလင်၊ ချင်း၊ နနွင်း၊ ရွှေဖရုံ၊ ငှက်ပျော၊ သင်္ဘောနှင့်နာနတ် စသည်တို့ဖြစ်ပြီး ၎င်းတို့ကို ပြုစုစောင့်ရှောက်မှုအနည်းဆုံးဖြင့် ထည့်သွင်းစိုက်ပျိုးနိုင်သကဲ့သို့ ပြုစုစောင့်ရှောက်မှုလိုအပ်သည့် ခရမ်းချဉ်၊ ခရမ်း၊ ငရုတ်အစရှိသည့် ငရုတ်မျိုးရင်းပင်များ၊ ဂေါ်ဖီ၊ ပန်းမုန်လာ အစရှိသော ဂေါ်ဖီမျိုးရင်းပင်များ၊ သခွားမွှေး၊ ဖရဲကဲ့သို့သော မြေတွားသီးနှံများ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ အစရှိသည်များနှင့် အခြားဟင်းသီးဟင်းရွက်များကိုလည်း ထည့်သွင်းစိုက်ပျိုးနိုင်သည်။

သီးညှပ်သီးနှံများကိုရွေးချယ်ရာတွင် ဈေးကွက်ဝယ်လိုအားရှိခြင်း၊ မြေဆီ ဩဇာပြန်လည်ဖြည့်တင်းပေးနိုင်ခြင်း၊ ပင်မသီးနှံနှင့်သဟဇာတရှိပြီး အထောက်အကူဖြစ်နိုင်ခြင်း၊ စီးပွားရေးတွက်ခြေကိုက်ခြင်း၊ ပေါင်းမြက်ပေါက်ရောက်မှုကို ဟန့်တားကာကွယ်နိုင်ခြင်း၊ ပြုစုစောင့်ရှောက်မှုနှင့် သွင်းအားစုလိုအပ်မှုအနည်းဆုံးဖြစ်ခြင်း၊ မြေဆီလွှာဆုံးရှုံးမှုကာကွယ်နိုင်ခြင်းနှင့် ဂေဟစနစ်ရှင်သန်လည်ပတ်နိုင်စေခြင်း စသည့်အချက်များအပေါ် ပိုမိုအလေးထား စဉ်းစားပြီးရွေးချယ်သင့်သည်။ ငှက်ပျော၊ သင်္ဘော စသည့် သီးနှံများကို ပင်မသစ်သီးပင်ငယ်၏ ကြီးထွားရှင်သန်မှုကို ဟန့်တားမှုမဖြစ်ပေါ်ချိန်ထိ တောက်လျှောက် စိုက်ပျိုးနိုင်သကဲ့သို့ အခြားရာသီတိုသီးနှံများကိုမူ ရာသီဥတုအပေါ်မူတည်ပြီး သီးလှည့်စနစ်ဖြင့် တဖန်ထည့်သွင်းစိုက်ပျိုးနိုင်သည်။ ပြောင်းနှင့် ပဲသီးနှံ၊ ဖရုံနှင့် ကြက်သွန် စသည်တို့သည် သီးလှည့်စနစ်ဖြင့် စိုက်ပျိုးနိုင်သောသီးနှံ အတွဲများဖြစ်ကြပြီး ရှေ့သီးနှံ၏အကျိုးကျေးဇူးကို နောက်သီးနှံက ဆက်လက်ခံစားရရှိရပြီး မြေဆီဩဇာဂုဏ်သတ္တိကိုလည်း ကောင်းမွန်တိုးတက်စေသည်။

သီးညှပ်သီးနှံများ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ပင်မသစ်သီးပင်ကို အကျိုးယုတ်လျော့မှု မရှိစေရုံမက အချို့သောသီးညှပ်သီးနှံများအတွက် ထည့်သွင်းသော သွင်းအားစုများကြောင့် ပင်မသစ်သီးပင် အထွက်တိုးခြင်း အကျိုးကျေးဇူးကိုလည်း လိမ္မော်၊ အုန်း၊ သရက်စသည့် သီးနှံများတွင် တွေ့ရှိရလေ့ရှိသကဲ့သို့ သစ်သီးဥယျာဉ်တစ်ခုလုံး၏ အသားတင်ဝင်ငွေတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေပါသည်။ သာမန်အားဖြင့် သစ်သီးဥယျာဉ်တစ်ခုကို တည်ထောင်ရာတွင် သီးညှပ်သီးနှံထည့်သွင်းစိုက်ပျိုးခြင်းမပြုပါက ငါးနှစ်ခြောက်နှစ်တာကာလအတွင်း ပင်မသစ်သီးပင်မှအသီးမရရှိမချင်း ဝင်ငွေမရရှိနိုင်ပါ။ သို့ရာတွင် သီးညှပ်သီးနှံထည့်သွင်းခြင်းအားဖြင့် ပင်မသစ်သီးပင်မှ အသီးနှင့် ဝင်ငွေမရရှိနိုင်သော်လည်း ဥယျာဉ်စတင်တည်ထောင်သည့် ဒုတိယနှစ်မှစတင်ပြီး ဝင်ငွေများရရှိနိုင်ပါသည်။

သစ်သီးဥယျာဉ်တည်စတွင် သီးညှပ်သီးနှံများကို ထည့်သွင်းစိုက်ပျိုးခြင်းသည် မြေဆီလွှာ၏ ဂုဏ်သတ္တိကိုလည်း တိုးတက်ပြောင်းလဲစေပါသည်။ အထူးသဖြင့် သစ်ဆွေးဓာတ်ကို မြင့်တက်လာစေပြီး သီးညှပ်သီးနှံထည့်သွင်းပြီး ဒုတိယနှစ်တွင် သစ်သီးဥယျာဉ်အတွင်း တိုးတက်မှုကို စတင်တွေ့ရှိရမည်ဖြစ်သည်။ အလားတူပင် မြေ၏ချဉ်ငံဓာတ်ကိုလည်း မြင့်မားလာစေသဖြင့် အပင်အတွက် လိုအပ်သော အာဟာရဓာတ်များကိုလည်း မြေကြီးအတွင်း ပိုမိုရရှိလာစေသဖြင့် အကျိုးဖြစ်ထွန်းသည့်လုပ်ဆောင်မှုဖြစ်သည်။ မြေ၏ဂုဏ်သတ္တိ မမျှတခြင်းကြောင့် မြေဆီလွှာများအတွင်းရှိ သက်ရှိများ၊ အဏုဇီဝသက်ရှိများ၏ ပေါက်ပွားရှင်သန်မှုပိုမိုဖွံ့ဖြိုးကောင်းမွန်သဖြင့် မြေဆီဩဇာကြွယ်ဝပြီး အသက်ရှင်နေသောမြေကြီးအဖြစ် သစ်သီးဥယျာဉ်ကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်သည်။

သီးနှံစိုက်ပျိုးရာတွင်မြေနေရာကို အကျိုးရှိစွာအသုံးချသည်ဟုဆိုရာ၌ မြေဧရိယာအတွင်း သီးနှံပင်များပြည့်နှက်စေခြင်းဖြင့် မြေပေါ်ပိုင်းသာမက မြေအောက်ပိုင်းအတွင်း မြေနေရာနှင့် မြေဆီလွှာဂုဏ်သတ္တိများကို ရုပ်ပိုင်းဆိုင်ရာထိရောက်စွာအသုံးချနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိယန္တရားကို အထောက်အကူပြုစေခြင်းများဖြစ်စေသည်။ ထို့ပြင် ဂေဟစနစ်ဆိုင်ရာ ထိရောက်စွာအသုံးချနိုင်ခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သူအတွက် ကာလတို၊ ကာလရှည် အကျိုးစီးပွားဖြစ်ထွန်းစေခြင်းဖြင့် စီးပွားရေးဆိုင်ရာ ထိရောက်စွာအသုံးချနိုင်ခြင်းများ ပါဝင်သည့် ပြည့်စုံထိရောက်သည့်အသုံးချမှုဖြစ်သည်။ သစ်သီးဥယျာဉ် စတင်တည်ထောင်သူများအတွက် မိမိတို့၏သစ်သီးပင်မှ ဝင်ငွေမရရှိသေးသော်လည်း သီးညှပ်သီးနှံစိုက်ပျိုးမှုစနစ်ကို လုပ်ဆောင်ခြင်းဖြင့် ဝင်ငွေစတင်ဝင်ရောက်နိုင်သည့်အတွက် မြေနေရာကို အကျိုးရှိစွာအသုံးချကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**စောထိုလွိုထူး(YAU)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန










## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်၊ အကွက်(၄၀၃)၊ စံပြရပ်ကွက်နေ ဦးဆန်ပေါ် + ဒေါ်ချောတို့၏သမီး မမေဇင်ဦး(၉/မဟမ(နိုင်)၀၄၇၂၁၈)သည် မိဘဆိုဆုံးမစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ချော(၉/မနတ(နိုင်)၀၃၄၉၀၁)

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ညအိပ်ရာမဝင်ခင် Cranberry ခေါ် အနီရောင်အချဉ်သီးဖျော်ရည် သောက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ ဗက်တီးရီးယားပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာစကားပုံတွင် ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ရှိ...

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...

❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ဘေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကြီးကို ပိတ်ရက်မရှိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့တွင် နှစ်သစ်မင်္ဂလာအခမ်းအနားကျင်းပမည်** စာမျက်နှာ- ၁၁

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ၂၃၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့** စာမျက်နှာ- ၂၂

### ၂၀၂၅ ခုနှစ် မတ် ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

# ၂၀၂၇ အာရှဖလားခြေစစ်ပွဲ တတိယအဆင့် အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ




**ရန်ကုန် မတ် ၂၅**

၂၀၂၇ အာရှဖလားခြေစစ်ပွဲ တတိယအဆင့် အုပ်စု(E) အဖွင့်ပွဲစဉ်အဖြစ် ယနေ့ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက အဓိကကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၄ မိနစ်တွင် အာဖဂန်နစ္စတန်အသင်းကစားသမား ပိုပယ်ဇေ၏ ကန်သွင်းချက်ကို မြန်မာအသင်းဂိုးသမား ဇင်ညီညီအောင် ပေါ့ဆမှုကြောင့်

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

